မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၉၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အာဆီယံဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ *စာမျက်နှာ ၃ ကော်လံ ၄* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၁၁ ရက်)

မြန်မာ့နှစ်ဦးသင်္ကြန်ပွဲတော် ပျော်ရွှင်စွာနွှဲပျော် ရိုးရာယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်း

တန်ခူးလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် မြန်မာ့နှစ်ဦးနှစ်သစ်စ ပထမလဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲများ ရှိသည့်အနက် တန်ခူးလ၌ကျင်းပသည့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအရ မြန်မာတို့၏နှစ်သစ်ကူးပွဲတော်ကို မဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဆိုကြသည်။ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်နှစ်သက်ဖွယ်ရာကောင်း၍ ပြည်သူတစ်ရပ်လုံး ကြည်နူးချမ်းမြေ့ကြသည်။

တန်ခူးလအချိန်ခါသမယသည် ရာသီဥတု သာတောင့်သာယာရှိလှသည်။ မိုးလေကင်းစင်ပြီး နေမင်းသည် အစွမ်းကုန် ထွန်းလင်းတောက်ပသည်။ တန်ခူးလသည် သာယာသော်လည်း အပူချိန်များသဖြင့် အပူကိုငြိမ်းအေးစေနိုင်ရန် နှစ်သစ်ကူးပွဲတော်ရာသီ၌ ဥတုနှင့်အညီ ရေပက်ဖျန်းခြင်း၊ ရေသွန်းလောင်းခြင်းတို့ဖြင့် ကြည်နူးချမ်းမြေ့စွာ ရေပက်ကစားကြသည်။

ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသကဲ့သို့ သင်္ကြန်ရေဖြင့် ပက်ဖျန်းကစားသူများသည် နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်းရန်၊ ကိုယ်စိတ်နှစ်ပါး သန့်ရှင်းစင်ကြယ်စေရန် ရည်ရွယ်၍ ရေသဘင်ပွဲဆင်နွှဲကြသည်။

အတာသင်္ကြန်သည် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့လှသော ဓလေ့စရိုက်များကို ဖော်ညွှန်းလျက်ရှိသည်။ ကောင်းမြတ်သော အစဉ်အလာကို ထိန်းသိမ်းသွားကြရမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့မှစပြီး မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ရက်များကို ပျော်ရွှင်စွာဖြင့် ရေပက်ဖျန်းကစားကြရမည်ဖြစ်သည်။

ယဉ်ကျေးသိမ်မွေ့စွာ ရေကစားကြရမည်ဖြစ်ပြီး ထိခိုက်နစ်နာစေမည့် ရေပက်ခြင်းမျိုးကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ မီးသတ်ပိုက်နှင့် ရေပက်ခြင်း၊ ရေပူဖောင်းများ ပစ်ပေါက်ရေကစားခြင်းမျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ရေသဘင်ဆင်နွှဲသူများသည် မူးယစ်သောက်စားရမ်းကားခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဆန့်ကျင်သည့် ပြုမူပြောဆို ဝတ်ဆင်ခြင်းများ မပြုမိစေရန် သတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာတို့၏ နှစ်ဦးကာလ မဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားပြည်သူများသည် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပြီး အေးမြကြည်လင်သောရေတို့ဖြင့် သွန်းလောင်းပက်ဖျန်းကာ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၁-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၁၃)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကောင်းကင်အကြွေ ကောက်တဲ့လက်** ဒွေး၊ နန္ဒာလှိုင်
၁၃:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၃၇)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြတ်ဘုရားဒေသနာ ဝိပဿနာတရားတော် **တဈာသခ်ယသုတ်**
၅:၀၀ ၄။ မျိုးချစ်တပ်မတော်
၅:၁၀ ၅။ မြန်မာသင်္ကြန်
၅:၂၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ လျှပ်တစ်ပြက်
၆:၄၀ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူရွှင်တော်ရွှေဖလား
၁၈။ အင်္ဂလိပ်စာသုတ (English Usage)
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၁၃)

မဟာသင်္ကြန်ရက်များအတွင်း ရေပေးဝေမည့်အစီအစဉ်

ရန်ကုန် ဧပြီ ၁၀

၂၀၀၉ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၄ရက်(သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ရက်(သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် ၂၄နာရီ ရေပေးဝေမည်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများကိုလည်း ၂၄နာရီ ပေးဝေမည်ဖြစ်သည်။

ရေပေးဝေမည်

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက်၇နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီထိ တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပြီး ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။

အကူအညီတောင်းခံနိုင်

သတ်မှတ်ရေပေးဝေချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် ရေသန့်ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီး အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဖုန်း-၂၄၉၆၅၅၊၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀၊ ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြို့ပင်ကောက် မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



ကွမ်းခြံကုန်းမြို့နယ်၌ လမ်းဖောက်လုပ်နေမှုနှင့် စွမ်းအင်အကျိုးရှိစွာအသုံးချရေး မြှင့်တင်မှုစီမံကိန်း
ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ ၆ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာအနီး သီရိလင်္ကာနိုင်ငံ ထေရဝါဒသမာဓိပညာအဖွဲ့က လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လှူဒါန်းသော မေတ္တာကျေးရွာတည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၍ ဝန်ကြီးသည် အလှူရှင်ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးပေးသည်။

ဆောက်လုပ်

အဆိုပါမေတ္တာကျေးရွာတွင် လူနေအိမ် ၇၀၄လုံးအပြင် စာသင်ကျောင်း၊ ကျေးရွာဆေးပေးခန်း၊စာကြည့်တိုက်နှင့် သောက်သုံးရေစနစ်များပါဝင်ဆောက်လုပ်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သရက်သုံးပင်ကျေးရွာသို့ ရောက်ရှိပြီး ကွမ်းခြံကုန်း - ဒေးဒရဲလမ်းမကြီးမှ သရက်သုံးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော အရှည်ပေ ၄၁၂၀၊ အကျယ် ၁၂ပေရှိ ကျောက်ခင်းလမ်း ဖောက်လုပ်နေမှုအခြေအနေနှင့် ကျေးရွာ Cyclone Shelter ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးသည်။

စီမံဆောက်လုပ်

အဆိုပါ နှစ်ထပ် RC ကွန်ကရစ် Cyclone Shelter အဆောက်အအုံကို သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ် အသုံးပြုမည်ဖြစ်ပြီး သဘာဝဘေးဖြင့် ကြုံတွေ့ပါက ဒေသခံပြည်သူများအား စားနပ်ရိက္ခာနှင့် သောက်သုံးရေ အပြည့်အစုံဖြင့် နေနိုင်ရန် စီမံဆောက်လုပ်ထားသည်။

မထိခိုက်စေရေး

ယင်းနောက် ဝန်ကြီးသည် ဆူးကလပ်ကျေးရွာ၌ လက်တွေ့စွမ်းအင်နည်းပညာအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဒေသအတွင်းရှိ ကျေးလက်များအတွက် စွမ်းအင်အကျိုးရှိစွာအသုံးချရေး မြှင့်တင်မှုစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူက စွမ်းအင်ချွေတာသုံးပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ယခုဖြစ်ပေါ်လျက်ရှိသော ရာသီဥတုဖောက်ပြန်မှုများကို သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကာကွယ်လျက်ရှိကြောင်း၊ စွမ်းအင်ချွေတာရေး မီးဖိုနှင့် အခြားပစ္စည်းများ အသုံးပြုရာတွင် ပတ်ဝန်းကျင် သစ်တောများကို မထိခိုက်စေရေး အခြေခံလုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဝန်ကြီးသည် အဆိုပါစီမံကိန်းက ခင်းကျင်းပြသထားသော စွမ်းအင်ချွေတာရေးမီးဖိုများ၊ ဇီဝလောင်စာသုံး မီးဖိုများနှင့် အသီးအနှံများ၊ ရေထွက်ပစ္စည်းများ၊ အခြောက်ခံနိုင်သော Green House နမူနာပုံစံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုတင်ထွက်ခွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာတို့သည် (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီး အစည်းအဝေးများ မတိုင်မီ ကြိုတင်ကျင်းပမည့် အာဆီ+၃ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် အာဆီယံ+၃ စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ရန် ဧပြီ ၉ ရက်တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့သို့ ကြိုတင်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် မင်းကင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းငွေများ၊ စာသင်ကျောင်းများရှိ Multi-Media Room တွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှစ်လုံးနှင့် ၂၁ လက်မ ရုပ်မြင်သံကြားစက် နှစ်လုံးတို့ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မင်းကင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်

ရန်ကုန် ဧပြီ ၁၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့်အတူ ဧပြီ၇ရက်တွင် တင်ဘက်ကျေးရွာအုပ်စု၊ မင်းကင်းမြို့မနှင့် ကျေးတောင်ဦး ကျေးရွာအုပ်စုသို့လည်းကောင်း၊ ဧပြီ ၈ရက်တွင် ရှားတောကျေးရွာအုပ်စုနှင့် မောက္ကတော်ကျေးရွာအုပ်စုများသို့လည်းကောင်း သွားရောက်၍ ကျေးရွာလူထုနှင့်တွေ့ဆုံ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ ပြည်သူ ၁၃၄၀၀ တက်ရောက်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းငွေများနှင့်စာသင်ကျောင်းများရှိ Multi-Media Room တွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှစ်လုံးနှင့် ၂၁လက်မရုပ်မြင်သံကြားစက်နှစ်လုံးကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အသုံးပြုရန်အတွက် လှူဒါန်းငွေများကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများတွင် ဒုတိယဝန်ကြီးဦးမောင်မြင့်က ကျေးရွာပြည်သူများအား နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များ၊လက်ရှိ မြန်မာနိုင်ငံရေးနှင့်ကမ္ဘာ့နိုင်ငံရေး အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၂၀၀၉ခုနှစ် ဧပြီ ၉ရက်တွင် ခန့်အပ်ခြင်းခံရသူ ဒါတွခ်အာနီဖာအာမန်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၉ ရက် (စနေနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆:၀၀ အစွမ်းထက်သောပရိတ်များ (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၆:၅၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
- ၇:၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁)
- ၇:၃၀ Tom & Jerry
- ၈:၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈:၄၅ **လွင်မိုးခရီးသွားနေသည်** (ချင်းပြည်နယ်ခရီးစဉ်) အပိုင်း(၁)
- ၉:၂၀ သင်္ကြန်နှင့် အသားအရေထိန်းသိမ်းခြင်း
- ၉:၄၅ မျောလေးမျောသမိုင်းဝင် ဇမ္ဗူတစ်ခွင် ကြည်ညိုဝပ်တွား ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား
- ၁၀:၁၅ ဒေသဇရောအစားအစာ ပုသိမ်ဟာလဝါ
- ၁၀:၂၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဓမ္မစက္ကဦးမောင်မောင်နှင့် တွေ့ဆုံခြင်း)
- ၁၁:၀၅ ရန့်သင်းမွှေးသင်္ကြန်ထမင်း အေးအေးလေး
- ၁၁:၁၅ ခါသင်္ကြန်အဆိုအကများ
- ၁၁:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ရှုဗတ်အစားအစာပြုလုပ်နည်း)
- ၁၁:၅၀ Estrogen မှ Functional Cosmetic ဆီသို့
- ၁၂:၁၀ **ကြည်နူးရိပ်** ပိုင်ဇေရဲထွန်း၊ ကြည်လဲ့လဲ့ဦး၊ ခိုင်နှင်းဝေ
- ၁၂:၅၀ သစ်ရွက်ဆွေးသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ ဖုန်းမြင့်အောင်)
- ၁:၀၀ အစွမ်းထက်သောပရိတ်များ (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၁:၅၀ ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
- ၂:၀၅ Fashion Guide(သင်္ကြန်ဖက်ရှင်)
- ၂:၂၅ အရက်အန္တရာယ်(သိပ္ပံမှူးတင်)
- ၂:၄၅ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း၊ မြန်မာ့အနုပညာ)
- ၃:၁၀ ရန်အောင်သင်္ကြန်
- ၃:၄၀ World's Greenest Homes
- ၄:၀၀ ဆန်းစစ်လေ့လာသင်္ကြန်အကပညာ
- ၄:၂၀ Colorful System of River
- ၅:၁၅ ခေတ်ပုံထဲက အမှတ်တရများ (သရုပ်ဆောင် ပုလဲဝင်း)
- ၅:၄၀ ရွှေအဆင်းဖြင့်ဖြူဝင်းစေမည့် လှပမှုအဆုံးစွန် Aron
- ၆:၀၀ MRTV-4 ညနေခင်းသတင်း
- ၆:၁၅ **လွင်မိုးခရီးသွားနေသည်** (ချင်းပြည်နယ်ခရီးစဉ်) အပိုင်း(၁)
- ၆:၄၅ သွားမယ်၊ စားမယ် (BG*56 Cafe Food House)
- ၇:၀၅ စင်မြင့်ပေါ်က တတိယအကြိမ်မြောက် ဆုနှင်းသဘင်
- ၇:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၇:၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ Fashion Guide(သင်္ကြန်ဖက်ရှင်)
- ၈:၃၅ ခါသင်္ကြန်အဆိုအကများ
- ၉:၀၀ မြို့ပြခရီး(Uruguay နိုင်ငံမှ Montevideo မြို့အကြောင်း)
- ၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁)
- ၁၀:၀၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ သစ္စာမေတ္တာရွှေမန်းသဘင် (အပိုင်း-၁)
- ၁၀:၃၀ အင်းမရိုးရာရက်ကန်းချည်ထည်
- ၁၀:၄၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁၂:၄၅ ဟန်ဆောင်ကာမူပို
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၂)ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၆:၁၀	Liverpool-Blackburn	ESPN(Live)
၈:၂၅	Chelsea-Bolton	ESPN(Live)
	Sunderland-Man Utd	Star Sports(Live)
၁၀:၅၅	Stoke City-Newcastle	Star Sports(Live)
၁၁:၀၀	Tottenham-West Ham	ESPN(SDD)

ဧပြီ ၁၀ရက်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟန်းမြို့နယ်၏ မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ဦးချစ်မောင်လမ်းရှိ ရတနာပန်းခြံရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရန်ကုန်တိုင်း ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(အငြိမ်းစား)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြန်မာ့အလင်း)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဒေါ်ချိုချို ဖုန်း-၀၉-၅၁-၇၂၃၄၂၊ ဦးလှထွန်း ဖုန်း- ၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးရန်နောင် ဖုန်း-၆၄၄၁၉၈၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၂၇၄၊ ဒေါ်ယဉ်ယဉ်လှဲ ဖုန်း-၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်ဒွေး/ဒေါ်မေစံပယ်ဖြူနု ဖုန်း-၃၉၅၂၇၇၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆တို့သို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းပညာရေးမှူးရုံးများသို့လည်းကောင်း ဧပြီ ၂၅ရက် နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရုရှားဆိုယုဇ်အာကာသယာဉ် ကမ္ဘာမြေသို့ ဘေးမသီရန်မခ ဆင်းသက်နိုင်ခဲ့

အယ်မက်တီ ဧပြီ ၁၀

အမေရိကန်ကုဋေကြွယ်သူဌေး ချားလ်စ်ဆီမွန်ယီနှင့် ရုရှား-အမေရိကန်အာကာသယာဉ်မှူးများပါဝင်သော အဖွဲ့ လိုက်ပါလာသည့် ရုရှားဆိုယုဇ်အာကာသယာဉ်သည် ကာဇက်စတန်နိုင်ငံအလယ်ပိုင်းတွင် သတ်မှတ်ထားသည့်အတိုင်း ဧပြီ ၈ရက်က ဘေးမသီရန်မခ ဆင်းသက်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

စီစဉ်ထားသည့်ကိစ္စရပ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ရုရှားမစ်ရှင်ထိန်းချုပ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဗယ်လာရီလင်ဒင်က ပြောကြားသည်။

တီအမ်အေ-၁၃ အာကာသယာဉ်သည် အမေရိကန်အာကာသယာဉ်မှူး မိုက်ကယ်ဖင်ကီနှင့် ရုရှားပုံသန်းရေးအင်ဂျင်နီယာ ယူရီလွန်ခါကော့ဗ်တို့ကို သယ်ဆောင်လာပြီး ကာဇက်စတန်နိုင်ငံ၏ စက်မှုမြို့တော် ဇီကက်ဂန်၏ အရှေ့မြောက်ဒေသတွင် ဆင်းသက်နိုင်ခဲ့သည်ဟု နာဆာက သီးခြားထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အာကာသယာဉ်မှူးများသည် စိတ်ဓာတ်တက်ကြွလျက်ရှိသည်ဟု ကြေညာချက်တွင် ပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကင်းဘရစ်မြို့ရှိ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်၏ ဓာတ်ခွဲခန်းအတွင်း စက်ရုပ်က ခရမ်းချဉ်ပင်အား ရေလောင်းလျက်ရှိသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ငလျင်လှုပ်

ဂျကာတာ ဧပြီ ၁၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဧပြီ၁၀ရက် နံနက်ပိုင်းက အင်အား၅ဒသမ၂အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားခဲ့ကြောင်း၊ သို့ရာတွင် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မိုးလေဝသအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဗဟိုပြုလှုပ်ခတ်

ငလျင်မှာ ယင်းနေ့ နံနက်၅နာရီ ၁၀မိနစ်တွင် စူလာဝေဆီပြည်နယ် မီလန်ဂူမြို့ အရှေ့တောင်ဘက် ၂၉ကီလိုမီတာအကွာ မြေအောက် ၁၀ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်သွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယ၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နယူးဒေလီ ဧပြီ ၁၀

အိန္ဒိယနိုင်ငံ ရာဂျစတန်ပြည်နယ် ဂျစလမ်မာမြို့၌ ဧပြီ ၉ရက် နံနက်ပိုင်းက အင်အား ၅ဒသမ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။

ပျက်စီး

သေဆုံးဒဏ်ရာရရှိမှုမရှိသော်လည်း နေအိမ်အချို့မှာ အနည်းငယ်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ဂျစလမ်မာမြို့မှာ အိန္ဒိယ-ပါကစ္စတန် နယ်စပ်ဒေသရှိ မြို့လေးဖြစ်သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ ကန်တို့ထိုးစစ်ဆင်တိုက်ခိုက် အရပ်သားလေးဦးသေဆုံး

ကဘူးလ် ဧပြီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်တွင် ဧပြီ ၉ရက်က အမေရိကန်နှင့် အပေါင်းပါတပ်များ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အရပ်သား လေးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ပြောကြား

ဧပြီ ၉ရက် နံနက်စောစောပိုင်းမှစတင်၍ ခို့စ်ပြည်နယ် ဂိုဘာ့ဇ်ဒေသအတွင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ သေဆုံးသူများမှာ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားနှစ်ဦးဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပူးပေါင်းပါဝင်မှုမရှိဘဲ အမေရိကန်နှင့် အပေါင်းပါတပ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မိုဟာမက်အဘာဇာဒရမ်ကဆင်ဟွာသို့ ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကမူ ယင်းနေ့စစ်ဆင်ရေး၌ အကြမ်းဖက်သမားလေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဖူလာတန်မြို့တွင် ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ၏ ပြည်တွင်းကားရောင်းအား မြင့်တက်လာ

ပေကျင်း ဧပြီ ၁၀

တရုတ်နိုင်ငံအတွင်း ၂၀၀၉ခုနှစ် မတ်လက ကားစီးရေ ၁ ဒသမ ၁၁သန်း ရောင်းချနိုင်ခဲ့ရာ ယခုနှစ် ဇန်နဝါရီလကထက် ငါးရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ်ကားထုတ်လုပ်ရေးအဖွဲ့က ဧပြီ ၉ ရက်တွင် ပြောကြားသည်။

ထုတ်လုပ်

ယခုနှစ် ပထမသုံးလပတ်အတွင်း ပြည်တွင်းကားရောင်းချမှု၌ စုစုပေါင်း ကားစီးရေ ၂ဒသမ၆၈သန်းနှင့် ပြည်တွင်းမှ ကားစီးရေ ၂ဒသမ၅၇သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ငလျင်အပျက်အစီးကြား နာရီ၃၀ကြာ ပိတ်မိနေသူအား ကယ်တင်နိုင်ခဲ့

ရောမ ဧပြီ ၁၀

အီတလီနိုင်ငံတွင် ငလျင်လှုပ်ပြီးခဲ့သည့်နောက် အပျက်အစီးများကြားတွင် နာရီ၃၀ကြာ ပိတ်မိနေခဲ့သူ အီတလီအမျိုးသမီးကြီး မာရီယာဒီအန်တူယိုနီအား အယ်လ်အကီလာမြို့ရှိ အပျက်အစီးပုံကြားမှ ဘေးမသီရန်မခ ဆွဲထုတ်နိုင်ခဲ့ကြောင်း အီတလီမီဒီယာက ဖော်ပြသည်။

အခြေအနေကောင်းမွန်

မိမိသည် မိမိ၏အိမ်အပျက်အစီးကြားတွင် ပိတ်မိနေခဲ့စဉ်အတွင်း တစ်ချောင်းထိုးအပ်ဖြင့် ဇာထိုးခဲ့ခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့သည်ဟု အသက်(၉၈)နှစ်ရှိသူ အမျိုးသမီးကြီးက အန်ဆာသတင်းဌာနသို့ ပြောကြားသည်။ ၎င်း၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၈ ရက်က တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၂၃ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်နိုင်ငံသို့ လေးနာရီကြာခရီးစဉ် သမ္မတအိုဘားမား သွားရောက်ခဲ့

ဘဂ္ဂဒက် ဧပြီ ၁၀

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရတ်နိုင်ငံသို့ ဧပြီ ၇ရက်က လေးနာရီကြာ ခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်း အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်မရုပ်သိမ်းမီ ၎င်းနိုင်ငံ၏ တည်ငြိမ်ရေးကို သေချာစွာ ဆောင်ရွက်ကြရန်နှင့် အီရတ်နိုင်ငံအနေဖြင့် လုံခြုံရေးဆိုင်ရာနှင့် တည်ငြိမ်အေးချမ်းမှုကို တာဝန်ယူရန် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း အိုဘားမားနှင့်အတူ အီရတ်ဝန်ကြီးချုပ်သည် ဘဂ္ဂဒက်မြို့စွန်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

ကြေညာ

၂၀၁၁ခုနှစ်တွင် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားမှုကို အပြီးသတ် ရုပ်သိမ်းရန် သမ္မတအိုဘားမားက တရားဝင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆေးကုသမှုခံယူ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည့် ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူလျက်ရှိသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လော့စ်အိန်ဂျလိစ်တွင် ပစ်ခတ်မှုဖြစ်ပွား တစ်ဦးသေဆုံး သုံးဦးဒဏ်ရာရ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

လော့စ်အိန်ဂျလိစ်မြို့အနီး ရေးဘားဆိုက်ဒေသရှိ ကိုရီးယားခရစ်ယာန်ဘာသာရေးစခန်းတစ်ခု၌ ဧပြီ ၇ရက်က သေနတ်သမားတစ်ဦး သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီးအခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆက်လက်ပြောကြား

အဆိုပါ ကိုတွန်နေဘာသာရေးစခန်းတစ်ခုတွင် မိုးချုပ်စအချိန်၌ ဖော်ပြပါ ပစ်ခတ်မှုဖြစ် ပွားခဲ့သည်ဟု ရေးဘားဆိုက်ဒေသလုံခြုံရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဒင်းနစ်ဂူတီယာရက်ဇ်က ပြောကြားသည်။ ဒဏ်ရာရသူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး သေနတ်သမားလည်း ဒဏ်ရာရသူများတွင် ပါဝင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ပစ်ခတ်မှုဖြစ်ပွားသည့် အကြောင်းရင်းကို ချက်ချင်းမသိရသေးဟု ၎င်းက ပြောကြားသည်။

တွေ့ရှိ

သေနတ်သမားက ၎င်း၏ဇနီးအား သေနတ်ဖြင့်ပစ်ခတ်ကြောင်း၊ ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာသို့ အပူတပြင်းသွားရောက်ခဲ့ရာ တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဆေးရုံတင်ထားရသည်ကို တွေ့ရှိခဲ့သည်ဟု ကယ်လီဖိုးနီးယား အဝေးပြေးကင်းလှည့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မာရီယိုလိုပက်ဇ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့်ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့်ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းမဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ➢ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ➢ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ➢ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင်(၁)နှစ်
၂။ ကစားသူ - ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် (၁၀၀)မှ (၁၅၀)အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေဖူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်စိ၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။
၂။ သင်္ကြန်ရေပက်ကစားခြင်းကို သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။
၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

သင်္ကြန်ကာလအတွင်း အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းမဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

ရန်ကုန် ဧပြီ ၁၀

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုရ နိုင်ရွှေမိုး ရေးသားသည့် မြန်မာ့ရေအရင်းမြစ် စာအုပ်ကို စာအုပ်အသင်း၏ (၄၆)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/ ၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း၊ အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၁၄၄၈၊၂၄၉၀၃၁ တို့သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၀/၂၀၀၉)၏ သင်ခန်းစာတစ်ခုဖြစ်သော ဂုဏ်ပြုညစာစားပွဲ သရုပ်ပြအခမ်းအနားကို ဧပြီ၈ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဂုဏ်ပြု ညစာစားပွဲ သရုပ်ပြအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း-ဒေါ်မြင့်မြင့်စိုး၊နိုင်ငံခြားရေးဝန်ကြီးဌာနလေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခ၊ ကထိကများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၀/၂၀၀၉)သင်တန်းဆင်းပွဲ အခမ်းအနားကိုယမန်နေ့နံနက် ၉ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် တက်ရောက်၍ သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များကို စိတ်ဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်းသင်တန်းသား သင်တန်းသူ၁၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်သည်။

(သတင်းစဉ်)

မြွေပွေးဆိပ်ဖြေဆေးကို ကြက်ဥနှစ်မှထုတ်လုပ်သည့် နည်းပညာဖြင့် အောင်မြင်စွာသုတေသနပြု ဖော်ထုတ်လုပ်ဆောင်နိုင်

ရန်ကုန် ဧပြီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)က မြွေကိုက်သုတေသနလုပ်ငန်းကို လွန်ခဲ့သောနှစ်(၃၀)ကျော်မှစ၍ ရှထောင့်အမျိုးမျိုးမှ သုတေသနပြုလျက်ရှိရာ ယခုအခါ မြွေပွေးဆိပ်ဖြေဆေးကိုကြက်ဥနှစ်မှ ထုတ်လုပ်သည့် နည်းပညာဖြင့် အောင်မြင်စွာ သုတေသနပြု ဖော်ထုတ်လုပ်ဆောင်နိုင်ခဲ့သည်။

ကုန်ကျစရိတ်ကြီးမား

ယခုလုပ်ဆောင်ခဲ့သည့် ကြက်ဥမှထုတ်လုပ်သော မြွေပွေးဆိပ်ဖြေဆေးကို ၂၀၀၂ ခုနှစ်ကတည်းက စတင်၍ သုတေသနပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သည့်မြွေပွေးဆိပ်ဖြေဆေးမှာ မြင်း၏ သွေးရည်ကြည်မှတစ်ဆင့် ထုတ်လုပ်ရခြင်းဖြစ်၍ ကုန်ကျစရိတ်ကြီးမားလှသည်။

ထုတ်လုပ်နိုင်

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏မှာကြားမှု၊ ဒုတိယဝန်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) သည် ကြက်ဥမှမြွေပွေးဆိပ်ဖြေဆေးထုတ်လုပ်သည့် နည်းပညာကို ဖော်ထုတ်လုပ်ဆောင်နိုင်ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ခဲ့သည်။

အဆင့်ဆင့်စမ်းသပ်

၂၀၀၈ ခုနှစ်တွင် ကြက်ဥနှစ်မှထုတ်လုပ်သည့် မြွေပွေးဆိပ်ဖြေဆေး၏ အန္တရာယ်ကင်းရှင်းမှု (Safety Test)ကို စမ်းသပ်ခဲ့ရာ ဘေးထွက်ဆိုးကျိုး မရှိကြောင်းတွေ့ရှိခဲ့သည်။ ပိုးမွှားကင်းစင်ကြောင်း (Sterility) မြွေဆိပ်အပေါ် ချေဖျက်နိုင်စွမ်းရှိကြောင်း (Efficacy)နှင့် တုန်ချမ်းခြင်း(Pyrogenicity) ကင်းစင်ကြောင်းကိုလည်း ဓာတ်ခွဲခန်းတွင် အဆင့်ဆင့်စမ်းသပ်ထားပြီးဖြစ်သည်။

အောင်မြင်မှုရရှိ

၂၀၀၉ ခုနှစ် နှစ်ဦးပိုင်းတွင် မြွေပွေးကိုက်လူနာအပေါ် ကုသရန်အတွက် Protocal များ ရေးဆွဲပြီး နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း အပြည်ပြည်ဆိုင်ရာ သုတေသနကျင့်ဝတ်နှင့်အညီ ကျွမ်းကျင်သည့်သမားတော် သုတေသီများကိုယ်တိုင် မြွေကိုက်လူနာများသော မြို့နယ်ဆေးရုံများ၌စမ်းသပ်ကုသရာ မြွေကိုက်လူနာများအား အသက်ကယ်နိုင်သည့် အောင်မြင်မှုများရရှိခဲ့သည်။

ဆေးသုသေတနဦးစီးဌာန (အောက်မြန်မာပြည်)က ကြက်ဥမှ သုတေသနပြု ထုတ်လုပ်သည့် မြွေပွေးဆိပ် ဖြေဆေးပုလင်း။ (သတင်းစဉ်)

မကြာမီတွင် ကြက်ဥမှထုတ်လုပ်သော မြွေပွေးဆိပ်ဖြေဆေးကို အမြောက်အမြား ထုတ်လုပ်သွားမည်ဖြစ်သည်။ ယင်းမြွေဆိပ်ဖြေဆေး၏ အားသာချက်များမှာ စရိတ်စကသက်သာမှုရှိခြင်း၊ နည်းပညာများမှာ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ထုတ်လုပ်ထားခြင်းနှင့် အာနိသင်ထက်မြက်ခြင်းရှိသည့်အတွက် မြွေကိုက်လူနာများအပေါ် ထိရောက်ပျောက်ကင်းမှုရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု ဘိုကလေးတွင်ကျင်းပ

ရန်ကုန် ဧပြီ ၁၀

ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက်က ဘိုကလေးပညာရေးကောလိပ်ခန်းမ၌ကျင်းပရာမြို့နယ်ရဲတပ်ဖွဲ့မှူး အောင်ဇက်တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခဒေါက်တာ ကျော်မြင့်၏ သဝဏ်လွှာအားဖတ်ကြားပြီး **(အောက်ဝဲပုံ)** ဒေါက်တာဝင်းရည်မွန်က တီဘီရောဂါအကြောင်းနှင့်တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု နည်းဗျူဟာအကြောင်း ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မိုးကောင်း-ရွှေအင်း-ထိုပူးလမ်း ကျောက်ချောခင်း

မိုးကောင်း ဧပြီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့်အတူ မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် မိုးကောင်း-ရွှေအင်း-ထိုပူးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဆွေးနွေး မှာကြားကြောင်း သိရသည်။ (၀၀၁)

ကောလင်းမြို့နယ်စည်ပင် ကတ္တရာလမ်းသစ်ဖွင့်

ကောလင်း ဧပြီ ၁၀

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကောလင်းမြို့ ပြည်သူ့အားကစားကွင်းရှေ့လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ယာယီ)ဦးသောင်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ (၀၃၂)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းသည် မတ် ၂၉ရက် မွန်းလွဲပိုင်းက ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဥရုရတနာခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား တွေ့ဆုံသည်။

လှည့်လည်စစ်ဆေး

တိုင်းမှူးသည် မတ် ၃၀ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ တပ်ဖွဲ့ဝင်မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးသည် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ တောင်ပါးကျေးရွာအုပ်စုရှိ ၂၅ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ဆောက်လုပ်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးသည် တာမခံ-ဟောင်းပါး-လုံးတုံကား လမ်းပိုင်းရှိ နန့်ရေတောင်ချောင်းကူးတံတားနှင့် ဟောင်းပါးကျေးရွာ အုပ်စု နားလိုင်းစိုင်ကျေးရွာရှိ လယ်မြေတိုးချဲ့ဖော်ထုတ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆယ်ဇင်းကျေးရွာ၌ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်

မတ် ၃၁ရက်တွင် နန့်ယားချောင်းမှ ရေလွှဲဆည် တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး ဟိုပင်မြို့နယ် လယ်မီကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၏ စိုက်ပျိုးရေးဆိုင်ရာတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မိုးကောင်းမြို့နယ် အင်ကြင်းကုန်း ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ လွယ်လောရွာ နွေစပါးစိုက်ခင်း ရေတင်ဆောင်ရွက်မှုကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၏လမ်းညွှန်မှု အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၈) ရပ်ကွက်နယ်မြေအား (Crime Free Zone)အဖြစ် သတ်မှတ်၍ ဧပြီ ၁ရက်မှ ၁၅ရက်အထိ မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း၊ မရမ်းကုန်း ရဲစခန်းမှူး ရဲအုပ်နိုင်ဝင်း**(အပေါ်ပုံ)**တို့သည် အမှတ်(၈) ရပ်ကွက် ရေကူးဘူတာရုံလမ်းရှိ လောကသစ္စာမွေ့ရာ၌ ဧပြီ ၆ရက်က မှုခင်းကျဆင်းရေး၊ မှုခင်း ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ အသိပညာပေးဟောပြောခြင်း၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ရာ အမှတ် (၈)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ပြည်သူ ၁၅၀ ခန့် တက်ရောက်ကြသည်။ (၁၁၁)

T.Home ရန်ကုန်သင်္ကြန်မဏ္ဍပ်တွင် နာမည်ကျော်အဆိုတော်များဖျော်ဖြေကြမည်

ရန်ကုန် ဧပြီ ၁၀

SONY, LG,T. Home Electronic Productများနှင့် INEXကျောက်ပြားနှင့် ရေချိုးခန်းသုံးပစ္စည်းများ ဖြန့်ချိရောင်းချနေသည့် TMW Enterprise Ltd.၏ T.Home သင်္ကြန်မဏ္ဍပ်ကို ယခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဖူဆန်တရုတ် ဘုံကျောင်းရှေ့ အင်းလျားကန်ပေါင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်း သင်္ကြန်မဏ္ဍပ်တွင် The Treeတေးဂီတအဖွဲ့၊ ကီးဘုတ်ကိုမြတ်မင်းတို့နှင့်အတူ ချစ်ကောင်း၊ မျိုးကျော့မြိုင်၊ ဖြိုးကြီး၊ ဇော်ပိုင်၊ ဖိုးကာ၊ ကောင်းဆက်၊ ပူစူး၊ Cobra၊ သျှီ၊ ကြိုးကြာ၊ ရွှေထိုက်၊ ဇမ်နူး၊ သီရိ၊ ပြည့်ဖူးခိုင်နှင့် Uranium အကအဖွဲ့တို့က ပင်တိုင်ဖျော်ဖြေကြမည် ဖြစ်သည်။

ဖျော်ဖြေ

T.Homeသင်္ကြန်မဏ္ဍပ်၌T.Home Productများကို ဝယ်ယူသုံးစွဲသူများအား ကြီးကျယ်ခမ်းနားသော ဖျော်ဖြေမှုရသများကို ခံစားရရှိစေချင်သည်။

T.Home မှထုတ်လုပ်သော Electronic ပစ္စည်းများမှာ CRT-TV၊ LCD-TV၊ DVD Player၊ DVD Micro Hifi၊ Air Cooler၊ Deep Freezer၊ Can Cooler နှင့် Water Dispancer တို့ဖြစ်သည်။

ဆက်သွယ်ဝယ်ယူ

T.Home ပစ္စည်းများကို ဝယ်ယူလိုပါက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၁၆၂-၁၆၄) ပန်းဆိုးတန်း(လယ်)ရှိWai Yan Electronic Centre ဖုန်း-၂၅၄၅၆၁၊ ၂၅၄၅၆၂၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်-၃၅၂၊ လမ်း ၃၀နှင့် ၈၂ လမ်းကြား၊ အရှေ့အောင်နန်းရိပ်သာရှိ TMW Tower နှင့် မုံရွာ၊ မြစ်ကြီးနား၊ မော်လမြိုင်၊ ပြည်မြို့တို့ရှိ T.Home ဆိုင်များတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၀၉ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံအစိုးရ Undergraduate Students များအတွက် ပညာတော်သင်ဆု ချီးမြှင့်မည်

ရန်ကုန် ဧပြီ ၁၀

ကိုရီးယားသမ္မတနိုင်ငံအစိုးရသည် ၂၀၀၉ခုနှစ် ကိုရီးယားသမ္မတနိုင်ငံ အစိုးရ၏ Undergraduate Students များအတွက် ပညာတော်သင်ဆုများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကိုရီးယား သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ခင်ရင်းနှီးမှုနှင့် ပညာရေးကိစ္စရပ်များ တိုးမြှင့်နိုင်စေရေးတို့အတွက် မြန်မာကျောင်းသား ကျောင်းသူ ၁၀ဦးအား ပညာတော်သင်ဆုများ ပေးအပ်ချီးမြှင့်ထားကြောင်း သိရသည်။

ဘွဲ့ကြိုသင်တန်း

ပညာသင်ဆုချီးမြှင့်ခြင်း ခံရသူများသည် ကိုရီးယားသမ္မတနိုင်ငံတွင် ကိုရီးယားဘာသာစကားကို တစ်နှစ်သင်ယူလေ့လာကြရမည်ဖြစ်ပြီး ဘွဲ့ကြိုသင်တန်းအဖြစ် နောက်ထပ်လေးနှစ် တက်ရောက်ရမည်ဖြစ်ကြောင်း၊ ပညာသင်ဆုတွင် ကျောင်းလခများ၊ ကိုရီးယားသမ္မတနိုင်ငံသို့ အသွားအပြန် လေယာဉ်လက်မှတ်၊ လစဉ်ထောက်ပံ့ကြေး၊ ကိုရီးယား သမ္မတနိုင်ငံတွင် နေထိုင်စဉ် ကျန်းမာရေး အာမခံစသည်များ ပါဝင်မည်ဖြစ်ကြောင်း၊ ပညာသင်ဆုရရှိသူများသည် ၂၀၀၉ခုနှစ် မတ်လနောက်ဆုံးပတ်က ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံအသက်ကယ်ပြုစုနည်း ဟောပြောပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ကျန်းမာရေးဦးစီးဌာန နှလုံးကာကွယ်ရေးစီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာတင်လတ်က နှလုံးကာကွယ်ရေးနှင့် အခြေခံအသက်ကယ် ပြုစုနည်းအကြောင်း ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီက မီးသတ်ဦးစီးဌာန ရုံးချုပ်၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲအခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဟောပြောပို့ချ

အခမ်းအနားတွင် ပါမောက္ခဒေါက်တာတင်လတ်က ရုတ်တရက် အသက်ရှူရပ်ခြင်းနှင့် နှလုံးခုန်ရပ်သွားသော လူနာကို အမြန်ဆုံး အသက်ကယ်ဆယ်ခြင်းအကြောင်း၊ရုတ်တရက် အသက်ဆုံးရှုံးစေနိုင်သည့် အကြောင်းရင်းများဖြစ်သော ရုတ်ခြည်းနှလုံးခုန်ရပ်သွားခြင်း၊ အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်း၊ ရေနစ်ခြင်း၊ လေဖြတ်ခြင်း၊ ဆေးလိပ်အလွန်အကျွံသောက်သုံးခြင်း၊ မီးခိုးများရှူရှိုက်မိခြင်း၊ ဓာတ်လိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပြင်းထန်သော ရင်ခေါင်းဒဏ်ရာများ စသည်တို့ဖြစ်ချိန်တွင် ရုတ်တရက် နှလုံးခုန်ရပ်သွားပါက အချိန်မီကယ်တင်နိုင်ရန် နှလုံးကာကွယ်ရေးနှင့် အခြေခံအသက်ကယ် အထောက်အကူပြုနည်းစနစ်များကို မှန်ကန်မြန်ဆန်စွာ ကျင့်သုံးတတ်ရေး ဟောပြောပို့ချခဲ့ပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် ခရိုင်ချင်းဆက်လမ်း ကျောက်ချောခင်းမှု စစ်ဆေး

ရန်ကုန် ဧပြီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် မတ် ၁၇ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို သာစည်မြို့နယ် ထနောင်းကုန်း ကျေးရွာအနီးတွင်လည်းကောင်း၊ ရမည်းသင်းမြို့နယ် ကျီစုကျေးရွာ၊ ဗျည်းကပ်ကျေးရွာနှင့် ရေဦးကျေးရွာအနီးတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆူးတပ်ကျေးရွာအနီးတွင်လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ)

(သတင်းစဉ်)

ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် သတင်းစာလှူဒါန်းပွဲ ဝိုင်းမော်၌ ကျင်းပ

ဝိုင်းမော် ဧပြီ ၁၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာ အရဏ်သစ်စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့်သတင်းစာလှူဒါန်းပွဲကို မတ် ၂၆ရက်က အင်ဂျမ်ဘွမ်ခန်းမ၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးခေါင်လွမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းက လှူဒါန်းပွဲကျင်းပရခြင်းနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘားအံ၌ ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်

ဘားအံ ဧပြီ ၁၀

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ၂၀၀၉ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက် နံနက်၉နာရီက ဘားအံမြို့ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေနောင်က ကရင်ပြည်နယ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ ဆောင်ရွက်ရမည်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(၀၀၈)

ဧပြီ ၁၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီးတို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီး H.E.Mr. Kim IL Sung ၏ မွေးနေ့ ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

စလင်းမြို့နယ် ရွာမှတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်

ရန်ကုန် ဧပြီ ၁၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ပံ့ငွေကျပ် ၄၆သိန်းဖြင့် စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အသစ်ဆောက်လုပ်ခဲ့သော ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို မတ် ၂၄ ရက် နံနက် ၉နာရီခွဲက ရွာမှတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံရှေ့၌ ပြုလုပ်ခဲ့ရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်သည်။

လှူဒါန်း

အမှုဆောင်အရာရှိ ဦးသန်းဦးက အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကို တိုင်းကျန်းမာရေးမှူးဦးမောင်မောင်အောင်ကျော်ထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် ရွာမှတ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလောစံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

၎င်းနောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက အဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုကြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့်ကချင်ပြည်နယ်တို့တွင် ဘိန်းစိမ်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်မှ တာဝန်ရှိသူများသည် ဧပြီ ၆ရက် ညနေ၃နာရီခန့်တွင် ဆီဆိုင်မြို့နယ် ဝမ်းဟော့ကျေးရွာ တောင်ဘက် သုံးမိုင်ခန့်အကွာနေရာကို ရှင်းလင်းရာ ဘိန်းခင်းခြောက်တစ်ခုကို တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် ဘိန်းခင်းခြောက်အနီးရှိ ဦးကံ၏ တောင်ယာတဲကို ဆက်လက်ရှာဖွေရာ သံသေတ္တာအတွင်း ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသည့် ဘိန်းစိမ်း ၃ဒသမ ၄၂၉၃ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဦးကံအား မေးမြန်းစစ်ကြောချက်အရ လွန်ခဲ့သော ငါးလခန့်က ၎င်းကိုယ်တိုင် စိုက်ပျိုးထားသည့် အဆိုပါဘိန်းခင်းမှ ခြစ်ယူထားကြောင်း ဝန်ခံထွက်ဆိုသဖြင့် ၎င်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သိမ်းဆည်းရမိ

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၆ ရက် ည၁၀နာရီ မိနစ်၂၀ခန့်တွင် မူဆယ်မြို့ အေးရှားဝေါလ်တိုးဂိတ်၌ ရဲဝင်း မောင်းနှင်ပြီး ကျော်ကျော်လှိုင်လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်နောက်စက္ကူဂျပ်ဖာအတွင်း ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆေးပြားများ လက်ဝယ်တွေ့ရှိသူ ရဲဝင်း(ခ)အရွတ်နှင့် ကျော်ကျော်လှိုင်(ခ)ချိုတူးတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

အလားတူ ကချင်ပြည်နယ် ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မန်စီမြို့နယ် နန့်အူကြီးကျေးရွာအုပ်စု ဖြုတ်ကိုက်ကျေးရွာနေ ခင်မောင်သန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အဝါရောင်အဖုံး ဖုံးထားသည့် ပလတ်စတစ်ဘူးအတွင်း အိတ်ငယ်နှင့်ထုပ်လျက် ခတ်ခူး တစ်ဂရမ်စီပါ အထုပ် ၁၈ထုပ်၊ ဘိန်းစိမ်း ဂရမ်၂၀၀ခန့်ရှိ အထုပ်တစ်ထုပ်နှင့် WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ ခင်မောင်သန်းအား မန်စီရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MFF Cup 2009 Grand Royal ပြိုင်ပွဲအတွက် ပွဲစဉ်မဲနှိုက် မေ ၁၆ရက်တွင်ကျင်းပမည့် အဖွင့်ပွဲစဉ်၌ ဧေယျာရွှေမြေနှင့် ရန်ကုန်ယူနိုက်တက်တို့တွေ့ဆုံ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၀

မြန်မာ့ဘောလုံးပရိစနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်း ပထမဦးဆုံးပြုလုပ်မည့် MFF Cup 2009 Grand Royal ဘောလုံးပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်း၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများအား မိတ်ဆက်ခြင်းနှင့် စပွန်ဆာကုမ္ပဏီများအား ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ည ၇နာရီက အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို Title Sponsor ပေးသည့် Grand Royal၊ Co- Sponsor ကုမ္ပဏီများဖြစ်သည့် Alpine၊ Air Bagan၊ ကမ္ဘောဇဘဏ်၊ Canon၊ Hotel Yangon၊ Fresh Aircon Gunku Engineering Co., Ltd.၊ Calsome ကွေကာ Myanmar C.P Livestock Co., Ltd.၊ Asia World ကုမ္ပဏီနှင့် Max Cement ကုမ္ပဏီတို့အား ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးပေးကြသည်။ ထို့နောက် မြန်မာနေရှင်နယ်ပြိုင်ပွဲဝင် အသင်းများဖြစ်သည့် Delta United F.C၊ မကွေး F.C၊ Southern Myanmar F.C၊ ဥဿာယူနိုက်တက် F.C၊ ဧေယျာရွှေမြေ F.C၊ ကမ္ဘောဇ F.C၊ ရတနာပုံ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C တို့က အသင်းလိုက်မိတ်ဆက်ကြသည်။ ယင်းနောက် မေလတွင် စတင်ပြုလုပ်မည့် MFF Cup 2009 Grand Royal ပြိုင်ပွဲအတွက် အနုပညာရှင်များဖြစ်သည့် R ဇာနည်၊ ဇင်ဇင်ဇော်မြင့်နှင့် ခရစ္စတီးနားတို့က မဲနှိုက်ရေးဆွဲပေးကြသည်။ ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံပြီး တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

အဆိုတော် R ဇာနည် မဲနှိုက်၍ ပွဲစဉ်ရေးဆွဲပေးစဉ်။ (မြန်မာ့အလင်း)

ယှဉ်ပြိုင်

MFF Cup 2009 Grand Royal ပြိုင်ပွဲကို ပရိကလပ် ရှစ်သင်းက ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုရမည်ဖြစ်သည်။ ပတ်လည်ပွဲစဉ်များကို မေ ၁၆ရက်မှ ဇူလိုင် ၂ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇူလိုင် ၅ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မေ ၁၆ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအဖြစ် စစ်ကိုင်းတိုင်းကိုယ်စားပြု ဧေယျာရွှေမြေ F.C နှင့်ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

MFF Cup 2009 Grand Royal ပြိုင်ပွဲ ပွဲစဉ်ဇယား

၁၆-၅-၂၀၀၉	ဧေယျာရွှေမြေ	-	ရန်ကုန်ယူနိုက်တက်
၁၇-၅-၂၀၀၉	Southern Myanmar	-	ရတနာပုံ
၁၉-၅-၂၀၀၉	Delta United	-	မကွေး
၂၁-၅-၂၀၀၉	ဥဿာယူနိုက်တက်	-	ကမ္ဘောဇ
၂၃-၅-၂၀၀၉	ဧေယျာရွှေမြေ	-	ရတနာပုံ
၂၄-၅-၂၀၀၉	ရန်ကုန်ယူနိုက်တက်	-	မကွေး
၂၆-၅-၂၀၀၉	Southern Myanmar	-	ကမ္ဘောဇ
၂၈-၅-၂၀၀၉	Delta United	-	ဥဿာယူနိုက်တက်
၃၀-၅-၂၀၀၉	ဧေယျာရွှေမြေ	-	မကွေး
၃၁-၅-၂၀၀၉	Southern Myanmar	-	Delta United
၂-၆-၂၀၀၉	ရန်ကုန်ယူနိုက်တက်	-	ဥဿာယူနိုက်တက်
၄-၆-၂၀၀၉	ရတနာပုံ	-	ကမ္ဘောဇ
၆-၆-၂၀၀၉	မကွေး	-	ဥဿာယူနိုက်တက်
၇-၆-၂၀၀၉	ကမ္ဘောဇ	-	ဧေယျာရွှေမြေ
၉-၆-၂၀၀၉	ရတနာပုံ	-	Delta United
၁၁-၆-၂၀၀၉	ရန်ကုန်ယူနိုက်တက်	-	Southern Myanmar
၁၃-၆-၂၀၀၉	ကမ္ဘောဇ	-	Delta United
၁၄-၆-၂၀၀၉	မကွေး	-	Southern Myanmar
၁၆-၆-၂၀၀၉	ဥဿာယူနိုက်တက်	-	ဧေယျာရွှေမြေ
၁၈-၆-၂၀၀၉	ရတနာပုံ F.C	-	ရန်ကုန်ယူနိုက်တက်
၂၀-၆-၂၀၀၉	ဥဿာယူနိုက်တက်	-	Southern Myanmar
၂၁-၆-၂၀၀၉	ကမ္ဘောဇ	-	ရန်ကုန်ယူနိုက်တက်
၂၃-၆-၂၀၀၉	Delta United	-	ဧေယျာရွှေမြေ
၂၅-၆-၂၀၀၉	မကွေး	-	ရတနာပုံ
၂၇-၆-၂၀၀၉	Delta United	-	ရန်ကုန်ယူနိုက်တက်
၂၈-၆-၂၀၀၉	ဥဿာယူနိုက်တက်	-	ရတနာပုံ
၃၀-၆-၂၀၀၉	Southern Myanmar	-	ဧေယျာရွှေမြေ
၂-၇-၂၀၀၉	ကမ္ဘောဇ	-	မကွေး
၅-၇-၂၀၀၉	ဗိုလ်လုပွဲ		

(မှတ်ချက် - ဖွင့်ပွဲ ပွဲစဉ်ကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ကျန်ပွဲစဉ်များကို အောင်ဆန်းကွင်း၌ ကျင်းပမည်။)

ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

မူဆယ် ဧပြီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းသည် မတ် ၂၉ရက်က ကွတ်ခိုင်မြို့နယ်နှင့် တာမိုးညဲမြို့နယ်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များအား စံ(၅)ချက်အညီ ခိုင်မာတည်တံ့စေရေးအတွက် ဒေသနှင့်သင့်လျော်သော စာငှားစနစ်များ အသုံးပြုရေး၊ စာကြည့်တိုက်ပိုင် အဆောက်အအုံများ ပိုမိုပေါ်ပေါက်လာရေးတို့ကို မှာကြား၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိသည် မူဆယ်မြို့နယ်ဦးစီးမှူး ဦးဒေးဗစ်၊ နန့်ခမ်းမြို့နယ်ဦးစီးမှူး ဦးသိန်းအောင်တို့နှင့်အတူ ဧပြီ ၄ရက်က မူဆယ်မြို့နှင့် နန့်ခမ်းမြို့ကြားရှိ ပန်ခမ်း၊ တိန်းလုံ၊ စယ်လန့်၊ ဖိုင်ကျောင်း၊ နောင်လောင်း၊ နောင်ခန်၊ ကောင်းဝိန်း၊ ကုန်းဆာ၊ စယ်ဟိုင်း၊ မန့်ခမ်းကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(ခရိုင် ပြန်/ဆက်)**

ဘီးလင်းမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံးပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇီးဝန်းကျေးရွာနေ မောင်ခုဏ္ဏသည် ဧပြီ ၈ရက် နံနက် ၁၁နာရီခန့်တွင် အခြားရွာသား သုံးဦးနှင့်အတူ ရွှေရောင်ပြတောင်၌ ဟင်းသီးဟင်းရွက်ခူးပြီး ပြန်လာစဉ် သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ယာခြေမျက်စိအထက်ပြတ်၊ ဝဲပေါင် နှစ်လက်မခန့် ကွဲပြတ်ဒဏ်ရာများရရှိခဲ့သဖြင့် ဘီးလင်းဆေးရုံသို့ တက်ရောက်ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပွဲ့ဖြိုးရေး စီမံကိန်းကြီးသုံးရပ်အနက် ဆက်စပ်အကျုံးဝင်တဲ့စီမံကိန်းကို ရောက်ရာဒေသမှာ ပြည်သူနှင့်လက်တွဲဆောင်ရွက်

အလေးပြု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဗိုလ်လောင်းတပ်ခွဲများက ချီတက် အလေးပြုကြစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

ရဲဘော်တို့-

ဒီသင်တန်းမှာ ဥပဒေဘွဲ့၊ စီးပွားရေးပညာဘွဲ့၊ စိုက်ပျိုးရေးပညာဘွဲ့ စသဖြင့် တပ်မတော်အတွက် လိုအပ်တဲ့ ပညာရပ်ဆိုင်ရာ တိုက်ရိုက်ဗိုလ်လောင်းများနဲ့ တပ်တွင်းက သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလို့ ချီးမြှောက်ခြင်းခံရတဲ့ စစ်မှုထမ်း ဗိုလ်လောင်းများ ပါဝင်တက်ရောက်ခဲ့ကြတာ ဖြစ်တယ်။

ရဲဘော်တို့ဟာ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စု တစ်စုအား ပိုင်နိုင်စွာဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်**ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ လေ့ကျင့် အောင်မြင်ခဲ့ကြပြီးဖြစ်တဲ့အတွက် တပ်မတော်မှာ ခေါင်းဆောင်ငယ်များအဖြစ် ခန့်အပ်ခြင်းခံကြရတော့မှာ ဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်မှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ကို စစ်ဘက်ခေါင်းဆောင်မှုနဲ့ ပတ်သက်လို့ အနည်းငယ်ပြောကြားလိုတယ်။ ယခုလို ခန့်အပ်ခံရခြင်းဖြင့် ရာထူးကိုသာရနိုင်ပြီး လက်အောက်ငယ်သားများရဲ့ လေးစားယုံကြည်မှုကိုရမှသာ ခေါင်းဆောင်အရာကို ရရှိမှာဖြစ်တယ်။ ဒါကြောင့် အခြေခံအားဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နဲ့ ပြည့်စုံကြရမယ်။ ထို့အတူပဲ စစ်ဘက်တာဝန်ဆိုတာ အခြေအနေတစ်ရပ်ရပ်နဲ့ သူတင်ကိုယ်တင် လက်တွေ့ယှဉ်ပြိုင် ထမ်းဆောင်ရတာမျိုးဖြစ်တဲ့အတွက် ကာယအား၊ ဉာဏအား စတဲ့ ဗလငါးတန်အရာမှာ မိမိငယ်သားများက လေးစားယုံကြည်လောက်အောင် ကြီးမားဖို့လိုအပ်တယ်။ ခေါင်းဆောင်အဖြစ်ကို ရရှိဖို့အတွက် မိမိကိုယ်မိမိ တည်ဆောက်ယူကြရမယ်။ ဒီလိုတည်ဆောက်ရာမှာ လူပြိန်းကြိုက် ခေါင်းဆောင်မှုမျိုးမဖြစ်စေဘဲ စစ်မှန်တဲ့ ခေါင်းဆောင်မှုမျိုးကို တည်ဆောက်မှသာ ခေါင်းဆောင်ကောင်းအဖြစ်ကိုရရှိမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

စစ်ဘက်ခေါင်းဆောင်ကောင်းတစ်ဦးဟာ တပ်ကို ကောင်းအောင်တည်ဆောက်နိုင်စွမ်းရှိရမယ်။ ကောင်းတဲ့တပ်ဆိုတာဟာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံရမယ်။ အဲဒီ တပ်ရင်းမှာရှိတဲ့ အရာရှိ အရာခံ အကြပ်တပ်သားအားလုံးဟာ အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်သုံးရပ် ပြည့်စုံခြင်းဆိုတဲ့ အရည်အချင်း ငါးပါးနဲ့ပြည့်စုံကြရမယ်။

ဒီလိုပြည့်စုံအောင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနဲ့ စိတ်ဓာတ်ဆိုတဲ့ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး (၄)ရပ်နဲ့ တည်ဆောက်ကြရမှာ ဖြစ်တယ်။

လေ့ကျင့်ရေးကို ပြုလုပ်ခြင်းအားဖြင့် အမိန့်နာခံတတ်ခြင်း၊ ကျွမ်းကျင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းတို့ကို ရရှိစေမှာဖြစ်ပြီး အုပ်ချုပ်ရေးကောင်းခြင်းကတော့ လုပ်ငန်းဆောင်တာအဝဝကို အောင်မြင်စေဖို့ အထောက်အပံ့ပြုမှာဖြစ်တယ်။ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် စိတ်ဓာတ်ကောင်းမွန်ရေးကို အထောက်အကူပြုမှာဖြစ်ပြီး တပ်ကို စိတ်ဓာတ်နဲ့ တည်ဆောက်ခြင်းအားဖြင့် စည်းကမ်းနဲ့ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်း၊ အချင်းချင်း ရဲဘော်စိတ်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ နိုင်ငံနဲ့လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ မျိုးချစ်စိတ်ဓာတ် ထက်သန်လာခြင်းနဲ့ ဒို့တာဝန်အရေးသုံးပါးကို ခြေခြေမြစ်မြစ် ယုံကြည်ခံယူလာခြင်းတို့ကို ရရှိစေမှာဖြစ်တယ်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဒီလိုတည်ဆောက်မှသာ ရဲဘော်တို့ရဲ့တပ်ဟာ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်သယ်ပိုးသွားနိုင်မှာ ဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်၊ စွန့်လွှတ်စွန့်စားသောတပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိရှိတဲ့ တပ်မတော် စတဲ့ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတဲ့ တပ်မတော်ဖြစ်တယ်။

ယနေ့ တပ်မတော် စည်းရုံးရေးကော်မတီအဆင့်ဆင့်ဟာ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို တပ်မတော်သားအားလုံးက အသိနဲ့ ယှဉ်ပြီး လက်ဆင့်ကမ်းသယ်ဆောင်နိုင်ဖို့အတွက် ဦးတည်ဆောင်ရွက်လျက် ရှိတယ်။ ထို့အတူပဲ တပ်နဲ့ပြည်သူ တစ်သားတည်းဖြစ်ပြီးတော့ တပ်မတော်က ပြည်သူကို အကျိုးပြုဖို့နဲ့ ပြည်သူကလဲ တပ်မတော်ကိုမဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်းနဲ့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ပြုနိုင်ဖို့

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အတွက်လဲ ဖော်ဆောင်ပေးလျက်ရှိတယ်။ ရဲဘော်တို့ဟာ တပ်မတော်စည်းရုံးရေး ကော်မတီအဆင့်ဆင့်ရဲ့ ဦးဆောင်မှုကို ခံယူပြီး တပ်မတော်ကို **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်**အဖြစ် တည်ဆောက်ရေးနဲ့ ပြည်သူနဲ့ တစ်သားတည်းဖြစ်ရေးတို့ကို ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ပေါက်ဖွားခဲ့တဲ့ ဒို့ရဲ့ မျိုးချစ်တပ်မတော်ဟာ ပြည်သူ့ကြားမှာ တစ်သားတည်း နေထိုင်ကြရတဲ့အခါ ကိုယ်ပိုင်အသိနဲ့ စည်းကမ်းကောင်းမွန်ခဲ့တာဖြစ်တယ်။ ဒါကြောင့်လဲ မြင့်မြတ်တဲ့တပ်မတော်သားတွေ ဖြစ်ခဲ့ကြတယ်။ တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်သယ်ပိုးနေတဲ့ ရဲဘော်တို့ဟာလဲ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ဖို့ လိုတယ်။ တပ်မတော်ဆိုတာ စည်းကမ်းကိုမဏ္ဍိုင်ပြုပြီး ဖွဲ့စည်းထားတာ ဖြစ်တယ်။ ဒါကြောင့် နယ်ဘက်ဥပဒေအပြင် စစ်ဘက်ဥပဒေနဲ့ စစ်စည်းကမ်း တို့ကိုလဲ လိုက်နာကြရမယ်။ ထို့အတူပဲ စစ်သည်တော် ကျင့်ဝတ်ကိုလဲ ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမယ်။ တစ်ဦးချင်းအနေနဲ့ ပြုကျင့်ရမယ့် ကျင့်ဝတ်၊ အကြီးအကဲများအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်နဲ့ ရန်သူအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်စတဲ့ ကျင့်ဝတ်အသီးသီးမှာ ပါဝင်တဲ့ အချက်တစ်ချက်ချင်းရဲ့ အနှစ်သာရကို အလေးအနက် နားလည်ခံစားပြီး လိုက်နာကြရမယ်။ စစ်သည်တော်ကျင့်ဝတ်ကို အမှန်သာလိုက်နာမယ်ဆိုရင် တပ်မတော်သားကောင်းဆိုတဲ့ နှစ်လိုဖွယ်ရာဘဝကို ရရှိကြမှာဖြစ်တယ်။

တပ်မတော်သားကောင်းတွေဖြစ်တဲ့ ရဲဘော်တို့ဟာ ပြည်သူကြားမှာ တစ်သားတည်းနေထိုင်ပြီး ပြည်သူကို မိဘအရင်းလို ပြုစုစောင့်ရှောက်ရမယ်။ ပြည်သူ့အကျိုးပြုလုပ်ငန်းဟာ ဒို့တပ်မတော်ရဲ့ အဓိကတာဝန် တစ်ရပ်ဖြစ်တဲ့ အတွက် ပြည်သူ့အကျိုးစီးပွားကို အစဉ်အမြဲ ဆောင်ရွက်ပေးကြရမယ်။

ဗိုလ်လောင်းတပ်ခွဲ စစ်ဆေး

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

(သတင်းစဉ်)

ရဲဘော်တို့-

၁၉၈၈ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန်ယူလိုက်ရခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးဖို့ ဖြစ်တယ်။ မျိုးချစ်တပ်မတော်ပီပီ သူများ တစ်လှမ်း လှမ်းရင် ကိုယ် ဆယ်လှမ်းလှမ်းမယ်ဆိုတဲ့ ခံယူချက်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို မနားမနေတည်ဆောက်ခဲ့တယ်။ နိုင်ငံတော်မှာ အကြားအလပ်မရှိ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ပြီးဆောင်ရွက်ခဲ့တာဟာ အနှစ် နှစ်ဆယ်ဆိုတဲ့ ကာလနဲ့မမျှအောင် နိုင်ငံတော်တစ်ဝန်းလုံးမှာ အခြေခံအဆောက်အအုံတွေကို တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်တယ်။ ထို့အတူပဲ ၂၀၀၈ခုနှစ်က ပြင်းထန်တဲ့ မုန်တိုင်းအန္တရာယ်ကြီးကျရောက်တဲ့အခါမှာလဲ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ အနာဂတ်ကာလ မုန်တိုင်းဒဏ် ကာကွယ်ရေး လုပ်ငန်းတွေကို အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါတွေဟာ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အင်အားကြီးသုံးရပ် ကျစ်လျစ်ခိုင်မာစွာ လက်တွဲဆောင်ရွက်ခြင်းရဲ့ ရလဒ်ပဲ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဖွံ့ဖြိုးရေးစီမံကိန်းကြီး (၃)ခုအနက် ရောက်ရာဒေသမှာ ဆက်စပ်အကျုံးဝင်တဲ့ စီမံကိန်းကို ပြည်သူတို့နဲ့လက်တွဲပြီး ဆောင်ရွက်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

ဒို့နိုင်ငံမှာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရပ်ဆိုင်းသွားပြီးနောက် ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်နိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲကြိုးပမ်းခဲ့ကြရာမှာ ပြီးခဲ့တဲ့နှစ်က ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြည်သူတစ်ရပ်လုံးက အတည်ပြုပေးခဲ့ပြီးပြီ ဖြစ်တယ်။ ဒါကြောင့် လာမယ့် ၂၀၁၀ခုနှစ်မှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို စနစ်တကျ ကျင်းပပေးသွားမယ်။

ကမ္ဘာပေါ်မှာရှိတဲ့ အချို့သောနိုင်ငံတွေမှာ ဒီမိုကရေစီကျင့်စဉ်ဟာ ရင့်ကျက်ခြင်း မရှိသေးတဲ့အတွက် ရွေးကောက်ပွဲကာလမှာ ပြိုင်ဘက်ချင်း ပုတ်ခတ်ပြီး စည်းရုံးကြရာကနေ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေဖြစ်ပြီး တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်လေ့ရှိကြတယ်။ ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်ခြင်းမရှိသေးခင် ပြန်လည်ပျက်ယွင်းသွားခြင်းမရှိရအောင် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပြီး ပိုင်းဝန်းစောင့်ရှောက်ပေးဖို့ လိုအပ်တယ်။ ဒါကြောင့် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲ ချောချောမောမော အောင်မြင်စေရေးအတွက် ရဲဘော်တို့အနေနဲ့လဲ ပြည်သူနဲ့ လက်တွဲပြီး ပါဝင်ကူညီဆောင်ရွက်ပေးကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ကြီးတွေဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့အနက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ အဓိကအကျဆုံး ဖြစ်တယ်။

ရဲဘော်တို့ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် လုပ်ငန်းခွင် အတွေ့အကြုံရရှိရေးကို ဦးစားပေးကြရမှာ ဖြစ်တယ်။ တပ်မတော်သားဘဝမှာ မည်သည့်အတတ်ပညာနဲ့ မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ပင်မတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အမြဲတမ်း အသင့်ဖြစ်နေကြရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေသမှာ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံတွေရရှိအောင် တက်တက်ကြွကြွဆောင်ရွက်ဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်-

- တပ်မတော်မှာ ခေါင်းဆောင်ကောင်းများဖြစ်လာအောင် မိမိကိုယ် မိမိ ပြုစုပျိုးထောင်ကြပါ။
- တပ်မတော်စည်းရုံးရေးကော်မတီအဆင့်ဆင့်ရဲ့ ခေါင်းဆောင်မှုကို ခံယူပြီး တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို ဆက်လက် သယ်ပိုးကြပါ။
- တပ်မတော်သားကောင်းများဖြစ်စေရေးအတွက် စစ်စည်းကမ်းကို တိတိကျကျ လိုက်နာတဲ့နည်းတူ စစ်သည်တော်ကျင့်ဝတ်ကိုလည်း ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြပါ။
- တွေ့ကြုံရသမျှ ပြည်သူကို မိဘအရင်းလို ပြုစုစောင့်ရှောက်ကြပါ။
- နိုင်ငံတော်က ဆောင်ရွက်နေတဲ့ စီမံကိန်းကြီး(၃)ရပ်မှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါ။
- အစိုးရနဲ့ ပြည်သူ လက်တွဲပြီး ၂၀၁၀ခုနှစ် ရွေးကောက်ပွဲကို ကျင်းပရာမှာ အောင်မြင်ချောမောစေရေးအတွက် ပါဝင် ကူညီဆောင်ရွက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

■ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်မှူးချုပ်လွန်းသီနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးချုပ်သန်းစိုး၊ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ်ညဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်စိန်လင်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂)မှအကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဟန်ထွန်းအား ငွေဓားဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ဗိုလ်လောင်းတပ်ခွဲစစ်ဆေး

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ်(၉၆) ဗိုလ်လောင်းဟန်ထွန်းအား ငွေဓားဆု ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိရာဌာန
၁။	မောင်ကျန်တတို့ ချိုးကျ၊ချွဲကြေ၊လေနိုင်ဆေးလျက်ဆား	အမှတ်(၇၅၅)၊ ဦးစလမ်း၊ သာယာအေးရပ်၊ မော်လမြိုင်မြို့
၂။	ခြသေ့်မင်း အမှတ်တံဆိပ် ဆင်တုံးမန္တယ် အစာကြေလေနိုင်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၃။	ချမ်းအေး ဝမ်းဖောဝမ်းရောင်ပျောက်ဆေး	ချမ်းအေးဆေးတိုက် ၁၄၈၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့
၄။	ရွှေကျား ခေါင်းကိုက်ပျောက်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၅။	အဆစ်ပုံအမှတ်တံဆိပ် မှင်ဆေးနှင့် အဆစ်အမျက်ကိုက်ခဲပျောက်ဆေး	ကျောက်ကုန်းထိပ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
၆။	၅မိနစ်အပူကျ ဖျားနာကိုက်ခဲပျောက်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၇။	ပန်းပွင့်ပုံ မှင်ဆေးနှင့် အကိုက်အခဲပျောက်ဆေး	၇၆၊ မာလာမြိုင် ၃လမ်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ တင်ဝင်းဆေးဆိုင်၊ ကလော့သော့၊ မုဒုံမြို့
၈။	ဖိုးကံကောင်း အဆုတ်သန့်ချောင်းဆိုးပျောက်ဆေး	၆၂၀၊ ၈လမ်း၊ တိုးချဲ့မုပွန်ရပ်၊ မော်လမြိုင်မြို့
၉။	မြပန်းဝတ်ရည် ကလေးသူငယ်နာဝမ်းပုပ်ချဆေး	၅၈၊ ဇေတဝန်လမ်း၊ ကွမ်ကသောင်ရပ်၊ မုဒုံမြို့

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

စာအုပ်စာပေ လူ့မိတ်ဆွေ

တီးတိန်မြို့နယ် အပ်လွယ်ကျေးရွာ နွားနောက်မွေးမြူရေးခြံ တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၃၀ရက်တွင် ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် အပ်လွယ်ကျေးရွာရှိ နွားနောက်မွေးမြူရေးခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ တင်မောင်အေးက နွားနောက် မွေးမြူရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးသည် နွားနောက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေရည်ဝင်းလျှံ တန်ခူးလသင်္ကြန်

သာရဝေါ်စိုးကြည်

တန်ခူးလသည် မြန်မာလများ၏ အဦးအစလ၊ နှစ်သစ်ကူး သင်္ကြန်ကျသောလဖြစ်သည်။ ပန်းပိတောက်များ ပွင့်ဖူးကာရွှေရည်လူးနေကြသည့်အတွက် ရွှေမြန်မာတို့ ဂုဏ်တင့်သောလဖြစ်သည်။ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲသည် ရွှေမြန်မာတို့၏ စေတနာအလှကို ဖော်ပြခွင့်ရသော လလည်းဖြစ်သည်။

တန်ခူးလကို မိဿရာသီဟုခေါ်သည်။ ထိုလတွင် လမင်းနှင့်ယှဉ်ပြိုင်ထွန်းလင်းနေသော စန်းပြည့်နက္ခတ်သည် စိတြနက္ခတ်ဖြစ်သည်။ တံငါတာရာကလည်း တောက်ပနေသည်။ ရာသီအမှတ်အသားရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ နက္ခတ်တာရာဆိုသည်မှာ ကောင်းကင်တွင် တောက်ပနေသော ကြယ်များပင်ဖြစ်သည်။ ရာသီပန်းသည် ကံ့ကော်ပန်းဖြစ်သည်။ ပိတောက်ပန်းသည်အများအားဖြင့် တန်ခူးလတွင် ပွင့်တတ်သော်လည်း ရာသီဥတု မိုးလေဝသအခြေအနေအရ တပေါင်းလတွင် စော၍ပွင့်တတ်ပြီး ကဆုန်လရောက်မှ နောက်ကျ၍လည်း ပွင့်တတ်ပါသည်။ ရာသီပွဲတော်သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ဖြစ်သည်။

ဤကမ္ဘာကြီးသည် စကြဝဠာအတွင်းတွင်ရှိသော ဂြိုဟ်နက္ခတ်တာရာများတွင် ပါဝင်သောဂြိုဟ်တစ်ခုဖြစ်သည်။ သူရိယနေမင်းကို ဗဟိုပြုကာသွားလာနေသည်။ တစ်ပတ်ပြည့်သော အချိန်ခေတ်ကို တစ်နှစ်ဟု သတ်မှတ်ခြင်းပြုသည်။ အရှေ့တိုင်းသူရိယသိဒ္ဓန္တကျမ်းများအရ လှည့်ပတ်ချိန်သည် ၃၆၅ရက် ၆နာရီ ၁၂မိနစ် ၃၇စက္ကန့်ကြာသည်။ အနောက်တိုင်း ခေတ်သစ်နက္ခတ္တပညာကျမ်းများအရ ၃၆၅ရက် ၁၅နာရီ ၄၉မိနစ် ၄၆စက္ကန့်ကြာမြင့်သည်ဟု ဆိုပါသည်။

ကမ္ဘာကြီးက သူရိယနေမင်းကို ဗဟိုပြု၍ နောက်တစ်ကြိမ်စတင်လည်ပတ်ချိန် ပထမဆုံးနေ့ရက်ကို နှစ်ဆန်းတစ်ရက်ဟု သတ်မှတ်သည်။ နှစ်သစ်ကူးနေ့ဟုလည်း ခေါ်ဆိုကြသည်။ နှစ်သစ်ကူးနေ့ကို မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်ဟု မြန်မာတို့ယုံကြည်ကြသည်။ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုအရ မင်္ဂလာရှိသော ထုံးတမ်းဓလေ့များကို ပြုလုပ်ကြသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကြာန္တ" ဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုပါသည်။ အချို့သော ပညာရှင်များက သင်္ကန္တဟူသော ပါဠိပုဒ်မှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု ဆိုပါသည်။ မည်သို့ပင် ဆိုစေကာမူ သင်္ကြန်ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင်ဖြစ်သည်။ သင်္ကြန်ကျသည် ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း ဖြစ်သည်။

ပုဂံခေတ်မြန်မာသက္ကရာဇ် ၆၅၃ခုနှစ်(ခရစ်နှစ် ၁၂၉၁ခုနှစ်)တွင် ရေးထိုးခဲ့သော စောလုဝန်းဘုရားကျောက်စာ၌ မီဖုန်၊ ညောင်ရိယ်သွန်၊ သင်္ကြန်ဟူသော ရာသီပွဲတော်ဆိုင်ရာ ဝေါဟာရများကို တွေ့ရှိရသည်။ သို့အတွက် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားနေပြီဖြစ်သော ပုဂံနေပြည်တော်တွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပနေပြီဟု ယူဆရပါသည်။

မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် ပူအိုက်သော နွေရာသီတွင် ကျရောက်သဖြင့် ပူလောင်ခြင်းမှ သက်သာစေရန် ရေစင်အေးအေးဖြင့် ပက်ဖျန်းကြသည်။ တစ်ဖက်သားအား ကာယိန္ဒြေမဲ့စေရန်၊ အရှက်တကွဲအကျိုးနည်းစေရန် မဟုတ်ခြင်းကို သတိပြုကြရပါမည်။

မြန်မာသင်္ကြန်ပွဲတော်သမိုင်းကို လေ့လာပါက လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ခန့် အင်းဝခေတ်မှ စာဆိုတော် ဦးအောင်ကြီး ရေးသားခဲ့သော တစ်ဆယ့်နှစ်လရာသီပွဲတော်လူးတားများ ရှိခဲ့သည်။ တန်ခူးလဖွဲ့ လူးတားကို လေ့လာပါက အင်းဝမြို့တော်တွင်ကျင်းပခဲ့သော သင်္ကြန်ပွဲတော်သည် စည်ကားသိုက်မြိုက်လှ၍ ရွှေဖလားဖြင့် ရေပက်ဖျန်းခြင်း၊ စောင်းညှင်းများဖြင့် သာယာစွာတီးခတ်ခြင်း၊ ပန်းနံ့သာရေများဖြင့် ပက်ဖျန်းခြင်းကို တွေ့မြင်ရသည်။

"တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွှရွှရွှတည့် ငြိမ့်မျှစောင်းညှင်း၊ အဲသီချင်းနှင့် ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပါကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်ကာ၊ သည်လှယ်ဆူလှယ်၊ စံတင့်ပယ်လျက်၊ မြူးရယ်ရွှင်အား လွန်ပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး" စသည်ဖြင့် ရေးဖွဲ့ခဲ့ပါသည်။

လွန်ခဲ့သော ခရစ်နှစ် ၁၇၉၅ခုနှစ်တွင် ပဲခူးသို့ ဗြိတိသျှသံအမတ် ကပ္ပတိန်မိုက်ကယ်ဆိုင်းဆိုသူ ရောက်ရှိခဲ့သည်။ ထိုသံအမတ် ရောက်ရှိချိန်သည် နှစ်သစ်ကူးရေသဘင်ပွဲတော်ချိန်နှင့် ကြုံကြိုက်နေသည်။ သံအမတ်က သူ၏မှတ်တမ်းတွင် ပဲခူးမြို့ဝန်၏ သမီးပျိုကလေးက မိဘနှစ်ပါးအား စန္ဒကူးနှင်းရည်ဖြင့် ရှိသေစွာရေကန်တော့ပုံနှင့်သင်္ကြန်ရေကစားသူများသည် သန့်ရှင်းသောရေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကြပုံကို အမှတ်တရ မှတ်တမ်းတင်ခဲ့သည်။ သို့အတွက် မြန်မာတို့ဂုဏ်ယူကြရသည်။ ထိုအစဉ်အလာယဉ်ကျေးမှုကိုလည်း ဆက်လက်ထိန်းသိမ်းကြရပါမည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီး တတိယတွဲ(စာ/၃၁၁)တွင်ရတနာပုံခေတ် မင်းတုန်းမင်းကြီး လက်ထက်၌ အတာသင်္ကြန်ပွဲတော် ကျင်းပခဲ့ပုံကို "နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက် တနင်္ဂနွေနေ့တွင် အရှင်နှစ်ပါးသည် ရွှေနန်းတော်အတွင်း သင်္ကြန်ခေါ်မြေအရပ်တွင် အတာသင်္ကြန်ခေါ်တော်မူသည်။ မှန်နန်းတော် ဘမရာသနပလ္လင်၊ မနောမဟာရ ထီးဖြူတော်အောက်တွင် အတာပွဲတော် တည်တော်မူသည်။ မင်းညီမင်းသား၊ မှူးတော် မတ်တော်တို့ကိုလည်း အတာသင်္ကြန်ထမင်း ကျွေးတော်မူသည်။ မြို့တော်တွင်းရှိကြသော ဒုက္ခိတပေါင်း ၂၁၆ယောက်တို့ကိုလည်း တစ်ဦးလျှင် ငွေဒင်္ဂါးပြား ၂၀စီ ပေးကမ်းလှူဒါန်းတော်မူသည်" ဟု သမိုင်းမှတ်တမ်း တင်ခဲ့ပါသည်။

မြန်မာစာ မြန်မာမှုတွင် "သင်္ကြန်" ဟု ရေးသားသုံးစွဲနေခြင်းကို တွေ့ရှိရသည်။ လူ့သမိုင်းအစတွင် နေနှင့်လ၊ နေ့နှင့်ည ဖြစ်ပေါ်ချိန်၌ သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်လာခဲ့သည်။ ခု၊ နှစ်၊ လများကို လူတို့အတွက် စီမံပေးသည်ဟုဆိုပါသည်။ သိကြားမင်း စီမံပေးခြင်းဖြစ်သည့်အတွက် သိကြားမင်း၏ နာမည် "သက္ကရာဇာ" ကိုအစွဲပြု၍ "သင်္ကြန်" ဟု ရေးသားသုံးစွဲခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အင်းရုံရွာစား ဝန်ကြီး သီရိဥဇနာ ရေးသားခဲ့သော "လောကဗျူဟာ" ကျမ်းတွင် သင်္ကြန်ကျချိန်၌ အချက်ပေးသည့် သင်္ကြန်အမြောက် ပစ်ဖောက်ခြင်းကို ရေးသားမှတ်တမ်းတင်ခဲ့သည်။ တိုင်းသူပြည်သားများအား သင်္ကြန်ကျချိန်ကို သိရှိစေရန်ဖြစ်သည်။

လွှတ်တော်ရှေ့တွင် အမြောက် ၁ပိဿာဝင် ငါးစင်း၊ ရွှေမြို့တော် မျက်နှာစာအရပ်လေးမျက်နှာတွင် ၅ဝိ ဝင်၊ ၂၅ဝင် အမြောက် ငါးစင်းစီ စုစုပေါင်း အမြောက် ၂၅စင်း အသင့်ချထားသည်။

သင်္ကြန်ပြောင်းချိန်၊ သင်္ကြန်ကျချိန် ရောက်ရှိသောအခါ ဖြတိုက်တော်မှ လူပညာရှိ ဗေဒင်တတ်၊ ပုဏ္ဏားဗေဒင်တတ်တို့ထွက်ရှိလာပြီး လွှတ်တော်ရှေ့ရှိ အမြောက်ကြပ်အကြီးအမှူးတို့အား အမြောက်ငါးစင်းကို ပစ်ဖောက်စေသည်။ အမြောက်သံကြားလျှင် မြို့တော်ပတ်လည်ရှိ အမြောက် ၂၀သည်လည်း တစ်ချိန်တည်း ပစ်ဖောက်ကြသည်ဟု သမိုင်းမှတ်တမ်းတင်ခဲ့ပါသည်။

မြန်မာနိုင်ငံနှစ်သစ်ကူး သင်္ကြန်သမိုင်းတွင် သင်္ကြန်ပွဲတော် ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။ နှစ်သစ်ကူးပွဲတော်ကို မြို့တော်များမှသည် ကျေးလက်တောရွာဇနပုဒ်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနေဆဲလည်း ဖြစ်ပါသည်။

ရှေးခေတ်အခါက လုလင်ပျိုများသည် ရပ်ကွက်အတွင်း ကျေးရွာအတွင်းသို့ လှည့်လည်ကာ လုပျိုဖြူများကို နံ့သာရေများဖြင့် ရေလောင်းခြင်းပြုကြသည်။ အုပ်ထိန်းသူ မိဘများထံတွင် သမီးကညာကို ရေလောင်းခွင့်ပြုရန် ခွင့်တောင်းကြသည်။ သမီးကညာများက တဘက်ထူထူကို ခြုံကာထိုင်၍ ရေလောင်းခံကြသည်။ လုလင်ပျိုများကလည်း အသာအယာပင် ယဉ်ကျေးစွာ နံ့သာရည်ကို လောင်းကြသည်။

ရွာကာလသားခေါင်းများက ဦးဆောင်၍ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့်လှည့်လည်ကာ အလှူခံကြသည်။ ဦးရွှေရိုးအက၊ ဆံတောက်ပိုးအက၊ နှစ်ကိုယ့်တစ်စိတ်အကများကို ကပြကြသည်။ ရရှိသောအလှူငွေများကို မတည်ကာ ရွာလယ်ကောင် သင်္ကြန်မဏ္ဍပ်တွင် မုန့်လက်ဆောင်း၊ သာကူ၊ မုန့်လုံးရေပေါ် စသည်တို့ကို တိုက်ကျွေးကြသည်။

သင်္ကြန်ကာလတွင် ဥပုသ်သီတင်းစောင့်ကြသည်။ တံတားအို၊ တံတားပျက်များကို ပြင်ဆင်မွမ်းမံကြသည်။ ရေနည်းပါးသော ရေတွင်းရေကန်များကို ဆယ်၍ သန့်ရှင်းကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ငါးလွှတ်ပွဲများ ကျင်းပကြသည့်အပြင် အိုမင်းလာသော နိုင်းနွားကြီးများကိုလည်း ဘေးမဲ့ပေးကြသည်။ သက်ကြီးပူဇော်ပွဲများလည်း ကျင်းပကြသည်။ အဘိုးအို အဘွားအိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်း လှီးဖြတ်ပေးခြင်းလည်း ပြုကြသည်။

မင်္ဂလာတရားတော်နှင့်အညီ နှစ်ဆန်းတစ်ရက်နေ့တွင် မင်္ဂလာရှိသော အပြုအမူ၊ ကိုယ်ကျင့်တရားများကို ပြုကျင့်ကြရမည်။ အရက်သေစာ မူးယစ်ဆေးဝါး အသုံးပြုခြင်းကို ရှောင်ကြဉ်ကြရမည်။ ပညာရှိများကို မှီဝဲဆည်းကပ်ကြရမည်။ လူမိုက်ကို ရှောင်ရှားကြရပါမည်။ ကောင်းမှုကုသိုလ်များ ပြုကြရပါမည်။ ၃၈ဖြာ မင်္ဂလာတရားများကို ထာဝစဉ် စောင့်ထိန်းလိုက်နာကြရပါမည်။ ထိုအခါ မြန်မာ့လူနေမှုဘဝသည် စည်ပင်သာယာလျက် လှပကာကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍နေမည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ကျင်းပသွားကြရပါမည်။ ။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ကျင်းပသွားကြရပါမည်။

မြန်မာ့နှစ်ဦး

■ မြန်မာ့နှစ်ဦး၊ တန်ခူးဂိမှာန်နွေ
ရာသီ "မိဿ"၊ "စိတြ" ရောင်လျှံဝေ
တောင်လေဝဲမွှေ၊ ရွက်ကြွေဆော့လူး
မြသားယမုံ၊ သဲငွေခုံ
တူစုံကျေးငှက် မြူးသည်နှင့်လေး။

❐ ပုရစ်ကိုက်ဖူး၊ သစ်ထူးမြသွေးဆင်
ကံ့ကော်ရင်ခတ်၊ ထုံလှပ်စုံမြိုင်ခွင်
ဆိုင်းဆို့ဝန်းကျင်၊ မင်းလွင်မြူခိုး
တာကူးသင်္ကြန်၊ ဂျိုးဂျိမ့်ညံ
ရွာဟန်မှိုင်းအုံ့ ပျိုးသည်နှင့်လေး။

■ ဖက်ဆွတ်ငွေမိုး၊ လှန့်နှိုးနွေပွဲတော်
လျှမ်းဝေပိတောက်၊ကြိုင်လှောက်သူငါပျော်
ဘိုးဘွားပူဇော်၊ ခေါင်းလျှော်ရေချိုး
ရွှေကျောင်းရိပ်ညို၊ ဥပုသ်ခို
ကုသိုလ်ဒါန် ပျိုးသည်နှင့်လေး။

❐ မြူးပေ့စိန်ဒိုး၊ ရွှေရိုးဟာသပိုင်
ဘေးမဲ့လွှတ်ပွဲ၊ ခြိမ့်သဲမြိုင်မြိုင်ဆိုင်
ရွှန်းပီတိလှိုင်၊ နိုင်ငံနယ်ဝှန်း
မုန့်လုံးရေပေါ်၊ အလှူတော်
တူပျော်နောက်ပြောင် စမ်းသည်နှင့်လေး။

■ ရေစင်ပက်ဖျန်း၊ ငြိမ်းချမ်းမေတ္တာရည်
စိတ်သစ်လူသစ်၊ နှစ်သစ်နိဒါန်းချီ
အားသစ်ဝေစည်၊ ချစ်ကြည်ပေါင်းစု
ဓလေ့မူမှန်၊ ရိုးရာဟန်
ဆက်ခံစောင့်ထိန်း ပြုပါစို့လေး။

❐ ဇေယျတုခါနွေ၊ အတာရေ
ချွေးသိပ် ဖျန်းတော့သည်....။
သပြေနုဖြာဝေ၊ ဘယာသွေ
အေးနိမိတ် လန်းပေါ့အတည်....။ ။

ဇော်မင်းမင်းဦး

မြန်မာ့နှစ်ဆန်း ချစ်ပန်းလက်ာ

✦ မြန်မာ့နှစ်ဆန်း၊ လှသစ်လန်းမို့
ချစ်ပန်းလင်္ကာ၊ မင်္ဂလာဖြင့်
ရင်မှာဝေဖူး၊ နွေတန်ခူး၏
ရွှေဦးသိင်္ဂါ၊ ပိတောက်ဝါနှင့်
ငုဝါ သရဖီ၊ ကံ့ကော်စီလို့
နေခြည်ဖြာဆမ်း၊ ရွှေရည်လွှမ်းနေ
ကြည့်လျှမ်းစည်ကား၊ စေတီများတည့်
တည်ထားကောင်းမြတ်၊ ကျောင်းဇရပ်တို့
ပေါင်းစပ်နယ်တွင်း၊ လယ်တလင်းတွေ
ကျယ်ဝန်းရွှေပြောင်၊ ဘာသာရောင်လည်း
သာခေါင်ထွတ်မြတ်၊ မြို့ရွာရပ်နဲ့
ပတ်လွှဲ့စုန်ဆန်၊ ဆိုင်းဗုံသံကြား
ဂုဏ်ဟန်ကြွားတူ၊ ပွဲအလှူတော်
နွှဲယူပျော်ကြ၊ နှစ်ဦးစတိုင်း
မြန်မာ့ရိုးရာ၊ မြတ်နိုးစွာပင်
သီတာသဘင်ပွဲ၊ ဆင်ယင်နွှဲခဲ့
ခြိမ့်သဲစည်စွာ၊ ပြည်မြန်မာတည်း....။

✦ နံ့သာငွေခွက်၊ သပြေခက်နှင့်
ရေပက်သွန်းကာ၊ တောင်ကျွန်းသာစေ
ညွှန်းလာဆောင်တိတ်၊ အောင်နိမိတ်တည့်
ဂုဏ်ဟိတ်သာကီ၊ မြန်မာပြည်ကြီး
အောင်စည်တီးခဲ့၊ မြည်ဟည်းလျှံဝေ
ဗျောသံတွေနှင့်၊ ဒို့မြေသာစွ
ရိုးရာလှကို၊ ကာလရှည်လျား
ထိန်းသိမ်းသွားဖို့၊ ကြီးမားတာဝန်
မျိုးဆက်မွန်တို့၊ ကျေပွန်ကြပါစေသတည်း....။ ။

ပျဉ်းမနား မြင့်လှိုင်

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၆)၊ အမှတ်(၈) ထွက်ပြီ

ရန်ကုန် မေ ၁၀

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသည့် မိဿရာသီ တန်ခူးလချိန်ခါ၌ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းရနံ့တို့နှင့်အတူ နှစ်သစ်ကိုကြိုဆိုလျက် ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၈)အား ၂၀၀၉ခုနှစ် မေ ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် **ဘက်စုံအသုံးဝင်လဲမှို့ပင်၊ စနစ်တကျစိုက်ပါ ရွှေရော်ဘာ၊ ကျောက်ဖရုံစိုက်ပြီး ဝင်ငွေရှာကြည့်ပါ** စသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ **နွားစက်ကြီး မှန်မှန်လည်ဖို့၊ နို့ပိုဝက်ကလေးအတွက် အခက်မတွေ့စေရေး၊ နို့စားနွားတွင် ဖြစ်ပွားသည့် တီဘီနှင့် သားလျှောသားပျက်ရောဂါ ကူးစက်တတ်၍ သတိပြုပါ** စသည့် မွေးမြူရေးဆောင်းပါးများ၊ ဆီးချိုဝေဒနာရှင်များအတွက် အာဟာရဖြင့် ထိန်းသိမ်းကုသနည်း၊ မိခင်နို့တိုက်ကျွေးခြင်းသည် အကောင်းဆုံး၊ ကျန်းမာစေသောတမာနှင့် ငွေရှင်စေသောခံတက်၊ တိုင်းရင်းဆေးများသုံးစွဲမှုနှင့် ဘေးကင်းလုံခြုံမှုပြဿနာ၊ ပန်းဂေါ်ဖီ၏ အကျိုးအာနိသင် စသည့် ကျန်းမာရေး သတင်းဆောင်းပါးများ၊ နှစ်ဦးနှစ်သစ်တွင် ချစ်စဖွယ်မြန်မာ့ဝလေ့စရိုက်များနှင့်အညီ အဘိုးအဘွားတို့အား ဂါရဝပြုကုသိုလ်ယူကြ၊ ရိက္ခာလည်းကျွေး အလင်းလည်းပေးသည့် ရေကျော်လျှပ်စစ်ရေတင်၊ သီးစားချထားရေး ဥပဒေအကြောင်း သိကောင်းစရာ၊ ဝက်လက်မြို့နယ်၏ ဆားချက်လုပ်ငန်း၊ လွမ်းလိုက်ပါဘိတော့တယ်၊ အင်ဒိုနီးရှားနိုင်ငံအကြောင်းသိကောင်းစရာ၊ အာရှလေးနိုင်ငံကြား တင်းမာမှုမြင့်တက်လာစေခဲ့သော ရေနံနှင့် သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့် ကျွန်းဆွယ်အရေး စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ ကျွန်တော့်အနုပညာကို ချစ်ခင်ကြတဲ့ပရိသတ်ကို အမြဲတမ်းချစ်ခင်လေးစားနေပါတယ်ဆိုတဲ့ သရုပ်ဆောင် နေတိုးနှင့် တွေ့ဆုံခြင်း အနုပညာဆောင်းပါး၊ နိုင်ငံတကာအားကစားသတင်းများ၊ ညောင်ပင်တစ္ဆေ ဝေလေလေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယို ဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ **(သတင်းစဉ်)**

ရတနာပုံ F.C ဘောလုံးအသင်းတွင် ပါဝင်ကစားမည့် ပြည်ပကစားသမားငါးဦး ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၁၀

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C ဘောလုံးအသင်းတွင် ပါဝင်ကစားကြမည့် ပြည်ပကစားသမား ငါးဦးသည် ညနေ ၆ နာရီ ၁၀ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ပြည်ပကစားသမားများအား ရတနာပုံ F.C အသင်း၏ မိခင်ကုမ္ပဏီဖြစ်သော လွယ်ဟိန်းကုမ္ပဏီ(Alpine)မှ ဒါရိုက်တာ ဦးဟန်မင်းထွန်း၊ ရတနာပုံ F.C အသင်း၏ ပြင်သစ်လူမျိုး နည်းပြနှင့် ရတနာပုံ F.C ဘောလုံးအသင်း တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ပကစားသမားများ

ရတနာပုံ F.C တွင်ပါဝင်မည့် ပြည်ပကစားသမားများမှာ အိုင်ဗရီကို့စ် နိုင်ငံသားသုံးဦးနှင့် ဆီနီဂေါနိုင်ငံသားနှစ်ဦးတို့ဖြစ်ကြပြီး ရှေ့တန်းကစားသမားတစ်ဦး၊ ကွင်းလယ်ကစားသမားနှစ်ဦးနှင့် နောက်တန်းကစားသမားနှစ်ဦးတို့ ဖြစ်ကြသည်။**(အောက်ပုံ)**

အဆိုပါ ပြည်ပကစားသမားများသည် သက်ဆိုင်ရာနိုင်ငံများ၏ ဒေသဆိုင်ရာ လိဂ်ပြိုင်ပွဲများတွင် ပါဝင်ကစားနေကြသူများ ဖြစ်ကြပြီး ရတနာပုံ F.Cအသင်း၏ ပြင်သစ်လူမျိုးနည်းပြမှတစ်ဆင့် ဆက်သွယ်လေ့လာ၍ ခြေစွမ်းအဆင့်မြင့်သူ များဖြစ်သောကြောင့် ခေါ်ယူလိုက်ခြင်းဖြစ်ကြောင်း သိရပြီး ရတနာပုံ F.C တွင် ယခုအခါ ကစားသမား ၁၉ဦး ခေါ်ယူထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲ ကျိုက်ထို၌ကျင်းပ

ရန်ကုန် မေ ၁၀

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ မှာကြားချက်နှင့်အညီ ကျိုက်ထိုမြို့နယ်အတွင်း ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေး၊ ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် မေ ၅ရက်က ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်ကွက်(၆)ခုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကျောင်းသား ကျောင်းသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးကို အသိပညာပေးဟောပြောသည်။

ရှေးဦးစွာ ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူး ခင်အောင်က ယာဉ်အန္တရာယ် ကင်းဝေးစေရန်အတွက် ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး၊ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်းမပြုရေး၊မှန်မှန်မောင်းပါက အန္တရာယ်ကင်း၍ မိမိမောင်းနှင်သောယာဉ်ကို မှန်မှန်သာ မောင်းနှင်ကြရေး၊ စက်ဘီးစီးသူများ၊ လမ်းဖြတ်ကူးသူများလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြရေးတို့ကို ပညာပေးဟောပြောသည်။

ယင်းနောက် ကျိုက်ထိုမြို့နယ် တရားသူကြီး ဦးဝင်းနိုင်က ယာဉ်တိုက်မှုများ၏ ဖြစ်မှုနှင့် ဖြစ်ဒဏ်များကိုလည်း အသေးစိတ် အသိပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆဋ္ဌမအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၀

ဆဋ္ဌမအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် (ရန်ကုန်)ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

မေ ၁၂ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် နံ့သာသွေးပွဲနှင့်ရိုးရာအက၊ တေးဂီတ အစီအစဉ်များကိုလည်းကောင်း၊ မေ ၁၃ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် သင်္ကြန်ဖွင့်ပွဲကိုလည်းကောင်း၊ မေ ၁၄ရက်(အင်္ဂါနေ့)မှ ၁၆ရက်(ကြာသပတေးနေ့)အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရခိုင်ရိုးရာ ရေကစားပွဲတော်နှင့် အဆိုအကဖျော်ဖြေမှုများ၊ ရခိုင် ရိုးရာသင်္ကြန်ပိတ်ပွဲတို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ရခိုင်မြို့နယ်အသင်းများနှင့် ရခိုင်လူမှုရေးအသင်းများကိုယ်စားပြုသော လှေလောင်းကြီးများနှင့် ရေလောင်းမည့် မဏ္ဍပ်ပေါင်း ၁၂ခုထက်မနည်း ပါဝင်ဆင်နွှဲကြမည်ဖြစ်ကာ ရခိုင်ရိုးရာအစားအသောက်ဆိုင်များ၊ ရခိုင်သင်္ကြန် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖို သုံးစွဲပြီးပါက မီးကြွင်း၊ မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆဘဲ အထူးသတိပြု သုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

မှုခင်းသတင်း ဝမ်းတွင်း၌ ကားကြီးသုံးစီးဆက်တိုက်တိုက်မိ၊ ယာဉ်မောင်းသုံးဦးသေဆုံး

မိတ္ထီလာ မေ ၁၀

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်တွင် ကားကြီးသုံးစီး ဆက်တိုက်ရာမှ ယာဉ်မောင်းသုံးဦးစလုံး ပွဲချင်းပြီး သေဆုံးသွားသည့် ယာဉ်တိုက်မှုကြီးတစ်ခု မတ် ၂၁ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မတ် ၂၁ရက် နံနက် ၄နာရီခွဲက မကွေးတိုင်း ငဖဲမြို့နယ်နေ ယာဉ်မောင်း သိန်းဖြူစိုး(၂၇နှစ်) မောင်းနှင်သော ၃ခ/၆၅၉၉ ဟီးနိုး အစိမ်းရောင် ခြောက်ဘီးကားသည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ကုန်မျိုးစုံတင်ဆောင်၍ မောင်းနှင်လာစဉ် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာအနီး မိုင်တိုင်အမှတ်(၃၆၀/၂) အရောက်တွင် ကားဘီးပေါက်သဖြင့် ကားလမ်း၏ ယာဘက်ဘေးတွင် ရပ်ထားစဉ် မန္တလေးမြို့ စက်မှုဇုန်လမ်း ၆၀၊ ၁လမ်းနေ အောင်ကျော်သက် (၂၇နှစ်) မောင်းလာသည့် ကားပေါ်တွင် မူဆယ်မြို့မှ သံချောင်းများ တင်ဆောင်လာကာ ၉က/ ၉၂၈၁ ဒက်ဆန်း ဆယ်ဘီးကားသည် ကားဘီးပူလာ၍ သိန်းဖြူစိုး၏ကား ၃ခ/ ၆၅၉၉ ကားနောက်တွင် ရပ်နား၍ ယာဉ်မောင်း အောင်ကျော်သက်သည် ကားအောက် ဝင်ရောက်ကာ အိပ်နေခဲ့သည်။

ကုန်ကားကြီးနှစ်စီးလမ်း၏ ယာဘက်တွင် ရပ်နားထားစဉ် စစ်ကိုင်းမြို့နေ ယာဉ်မောင်း ကိုကိုကြီး(၂၆နှစ်)နှင့် အကူယာဉ်မောင်း ဘီရှိန်လွင်(ခ)မြင့်စိန်(ခ)သန်းအောင်(၄၉နှစ်)သည် မန္တလေးမှ ကုန်မျိုးစုံတင်ဆောင်၍ ကိုကိုကြီးမောင်းနှင်သော ၆ခ/၇၄၀၆ ဟီးနိုးဆယ်ဘီး ကားကြီးသည် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာအနီးတွင် ဘရိတ်ပေါက်ပြီး လမ်းဘေးရပ်ထားသောအောင်ကျော်သက် မောင်းနှင်သည့် ၉က/၉၂၈၁ ကားအား အရှိန်ဖြင့် ဝင်ရောက်တိုက်မိရာ**(အပေါ်ပုံ)** ကားအောက်ဝင်ရောက် အိပ်နေသည့် ၉က/ ၉၂၈၁ ကားယာဉ်မောင်း အောင်ကျော်သက်မှာ မိမိကားကြိတ်မိပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ အောင်ကျော်သက်၏ကား ၉က/၉၂၈၁ ကားပေါ်တွင် တင်လာသည့် သံချောင်းများဖြင့် ယာဉ်မောင်း ကိုကိုကြီး မောင်းနှင်သည့် ၆ခ/၇၀၄၆ ကား၏ ခေါင်းနှင့်တိုက်မိရာ ယာဉ်မောင်း ကိုကိုကြီးနှင့် အကူယာဉ်မောင်း ဘီရှိန်လွင်(ခ)မြင့်စိန်(ခ) သန်းအောင်တို့မှာ သံချောင်းများဖြင့် ထိခိုက်ပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ကိုကိုကြီး၏ ကားရှေ့ ခေါင်းပေါ်တွင် ပါလာသည့် ယာဉ်လိုက် မန္တလေး ကျားခေါင်းဘိလပ်မြေစက်ရုံမှ ကျော်ဆန်းမင်းမှာ ကံကောင်းသဖြင့် ဒဏ်ရာအနည်းငယ်သာ ရရှိသွားခဲ့သည်။

ကိုကိုကြီး၏ကား ၆ခ/၇၀၄၆ ကားရှေ့ခေါင်းမှာ တွန့်လိမ်သွားသည်။ ကိုကိုကြီး၏ ကားက နောက်မှအရှိန်ဖြင့် အောင်ကျော်သက်၏ကား ၉က/၉၂၈၁ အားဝင်ရောက်တိုက်မိရာ အောင်ကျော်သက်၏ကားရှေ့တွင် ဘီးပေါက်၍ရပ်ထားသော သိန်းဖြူစိုး၏ ၃ခ/၆၅၉၉ ကားအား ထပ်မံဝင်ရောက်တိုက်မိပြန်ရာ သိန်းဖြူစိုး၏ ခြောက်ဘီးကားအစိမ်းရောင်မှာ ကားလမ်း၏ ယာဘက်ထဲသို့ ထိုးကျသွားခဲ့သည်။

အရေးယူ

ယာဉ်တိုက်မှုကို ဝမ်းတွင်းရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ခင်မောင်တင့်က သွားရောက်စစ်ဆေးပြီး သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရသူများကို ဝမ်းတွင်းဆေးရုံသို့ ရဲဆေးစာဖြင့် တင်ပို့လိုက်သည်။ ဝမ်းတွင်းရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ခင်မောင်တင့်က တရားလို ပြုလုပ်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ကိုကိုကြီးအား ဝမ်းတွင်းရဲစခန်း(ပ)၄၄/၂၀၀၉ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့် အရေးယူထားသည်။ **(၀၈၆)**

ဆပ်ပြာစက်ရုံ (မန္တလေး) နှစ်ပတ်လည်နေ့ကျင်းပ

မန္တလေး မေ ၁၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဆပ်ပြာစက်ရုံ (မန္တလေး)၏ (၉)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၁ ရက်က မန္တလေးအောင်မြေသာစံမြို့နယ် အမရဋ္ဌာနီ အရှေ့ရပ် အဆိုပါဆပ်ပြာစက်ရုံ၌ကျင်းပရာ စက်ရုံမှူးနှင့်ဇနီး၊ ဒုတိယ စက်ရုံမှူးနှင့်ဇနီး၊ လက်ထောက်စက်ရုံမှူးများ၊ ဝန်ထမ်းများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ စက်ရုံမှူး ဦးထွန်းဝင်းက (၉)နှစ်မြောက် ဆပ်ပြာစက်ရုံ နှစ်ပတ်လည် အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက်ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲအဖြစ် ဗလာမပါ ကုန်ပစ္စည်း ၂၂မျိုးကို ဝန်ထမ်း ၁၄၂ဦးအား ကံစမ်းမဲနှိုက်ခဲ့ကြောင်း သိရသည်။ **(၀၉၀)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရော်ဘာစိုက်ပျိုး ပြုစုထိန်းသိမ်းရေး သင်တန်းဆင်း

တန့်ယန်း ဧပြီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ အခြေခံရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၅ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းက အမှာစကားပြောကြားပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လားရှိုးခရိုင်မန်နေဂျာ ဦးမင်းအောင်ဝင်းက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိက စိုက်ပျိုးမြေအသုံးချမှု ရော်ဘာစီးပွားရေးဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ရော်ဘာစိုက်တောင်သူနှင့် စိတ်ဝင်စားသူ သင်တန်းသားစုစုပေါင်း ၄၃ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

Snooker Championship 2009 ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁၀

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသည့် Grand Royal Special Reserve Billiards & Snooker Championship 2009 ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၈ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌဦးစိုးမြင့်နှင့် အလုပ်အမှုဆောင်များ၊ (IBTC) ကုမ္ပဏီမှ ဦးတင်ဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဧည့်သည်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ချီးမြှင့်

ဆုများချီးမြှင့်ရာတွင် Grand Royal Special Reserve Billiards Championship 2009 အတွက် ပထမဆုရရှိသော အားကစားသမား ကျော်ဦး၊ ဒုတိယဆုရရှိသော အားကစားသမား နေသွေးဦးနှင့် တတိယဆုရရှိသော အားကစားသမား အောင်ဌေးတို့အား (IBTC) မှ Executive Director ဦးတင်ဦးက ငွေသားနှင့် ဆုတံဆိပ်များကို လည်းကောင်း၊ Grand Royal Special Reserve Snooker (Senior) Championship 2009 ပြိုင်ပွဲအတွက် ပထမဆုရရှိသော အားကစားသမား အာကာစိုးရင်၊ ဒုတိယဆုရရှိသော ရဲဇော်ထွဋ်နှင့် တတိယဆုရရှိသွားသော ဝင်းကိုကိုတို့အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က ငွေသားနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ Grand Royal Special Reserve Snooker (Junior) ပြိုင်ပွဲအတွက် ဆုရရှိသော အားကစားသမား ခွန်ညီညီထွေး၊ ဒုတိယဆုရရှိသွားသော အားကစားသမား အောင်ညီညီနှင့် တတိယဆု ရရှိသွားသော အားကစားသမား ကိုရဲတို့အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းမြင့် (ဒိုင်ချုပ်)က ငွေသားနှင့် ဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ကြသည်။

ထိုပြိုင်ပွဲကြီးတွင် (IBTC) မှ Main Sponsor အဖြစ် အကုန်အကျခံပြီး Co Sponsor များအဖြစ် Alpine သောက်ရေသန့်၊ Super Coffee Mix. Ultra Cue Sports၊ တော်ဝင်မြန်မာ ဆောက်လုပ်ရေး၊ ရွှေဘဲစားတော်ဆက်၊ One tea နို့ဆီနှင့် Diamond ဘိလိယက်စင်တာတို့ ပါဝင်ကြောင်း သတင်းရရှိသည်။ **(အား/ကာ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပ

ရန်ကုန် ဧပြီ ၁၀

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာဖတ်ဝိုင်းနှင့် ဟောပြောပွဲအခမ်းအနားကို ဧပြီ၇ရက် နံနက်၁၀နာရီက ၃၈ရပ်ကွက် မျိုးဆက်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှငွေက စာကြည့်တိုက်ရေရှည်တည်တံ့ရေး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဦးက စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများနှင့် စာကြည့်တိုက် ကော်မတီဝင်များက ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း သင်တန်း၌ ဆုရ အားကစားသမားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နွေရာသီ ဝူရှူးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၀

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်ခဲ့သည့် ၂၀၀၉ခုနှစ် နွေရာသီ ဝူရှူးသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့သည်။

နှုတ်ဆက်

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက နွေရာသီ ဝူရှူးသင်တန်းမှ ထူးချွန်အားကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာ့လက်ရွေးစင်၊ လူငယ်လက်ရွေးစင်နှင့် မျိုးဆက်သစ် ဝူရှူးအားကစားသမားများက သရုပ်ပြသကြပြီး အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းတို့က နှုတ်ဆက်အားပေးကြသည်။

တက်ရောက်

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်လူရွယ်များ အားကစားကို စိတ်ဝင်စားလေ့လာရန်အတွက် ယခုနွေရာသီသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်တန်းကို မတ်၃ရက်မှ ဧပြီ ၁၀ရက်အထိ နေရာ ၁၆ခုတွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၀၀၀ တက်ရောက်ခဲ့ကာ ဝူရှူးအဖွဲ့ချုပ်က ဖွင့်လှစ်သော နွေရာသီသင်တန်းများအနက် သင်တန်းသားဦးရေ အများဆုံးတက်ရောက်ခဲ့သောနှစ် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမှျ မသုံးရ

မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၆။ ခါသကြင်္န်အဆိုအကများ
- ၈း၃၀ ၇။ International News
- ၈း၄၀ ၈။ တေးဂီတအစီအစဉ်
- ၈း၅၀ ၉။ ခါသကြင်္န်အဆိုအကများ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသကြင်္န်အဆိုအကများ
- ၁၁း၂၅ ၃။ ချစ်စရာ့တာသကြင်္န်
- ၁၁း၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၅၅ ၅။ Yan Can Cook
- ၁၃း၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၃၇)
- ၁၄း၀၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၄း၃၀ ၈။ ခါသကြင်္န်အဆိုအကများ
- ၁၄း၄၅ ၉။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ ခါသကြင်္န်အဆိုအကများ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ ခါသကြင်္န်အဆိုအကများ
- ၅း၁၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅း၂၅ ၉။ ချစ်စရာ့တာသကြင်္န်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၆း၅၅ ၁၃။ ပဥ္စလက်ကျောင်းတော်
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၅)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်**(အပိုင်း-၂)

မတ်၁၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းခုတ်မြို့ ရေပေးရေးဆောင်ရွက်ထားသော နောင်တုံရေထွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီး အစဉ်သတိပြု

လီဆိုသိုဘုရင့်နိုင်ငံ၏သမိုင်းကြောင်း

သတင်းအက်ဆေး

လီဆိုသိုဘုရင့်နိုင်ငံသည် အာဖရိကတောင်ပိုင်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် လေးဖက်လေးတန်မှ တောင်အာဖရိကနိုင်ငံ၏ ဝန်းရံခံထားရသည့် နိုင်ငံဖြစ်ရာ ကမ္ဘာပေါ်၌ ရှားရှားပါးပါး နိုင်ငံအချို့တွင် ပါဝင်သည်။ နယ်မြေအများအပြားမှာ ကုန်းမြင့်များဖြစ်သည်။ ထိုကုန်းမြင့်ဒေသများတွင် ကျေးရွာအများအပြား တည်ရှိပြီး ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကူးလူးရာတွင် ခြေကျင်သော်လည်းကောင်း၊ မြင်းစီး၍ သို့မဟုတ် လေယာဉ်ငယ်များစီး၍သော်လည်းကောင်း သွားလာနိုင်သည်။



ဖောက်လုပ်ပေး

ဆောင်းရာသီတွင် ဆီးနှင်းများထူထပ်သဖြင့် ဘွတ်ဖိနပ်များစီးရပြီး တစ်ကိုယ်လုံး စောင်များဖြင့် အထပ်ထပ် ပတ်ထားရသည်။ ဤနိုင်ငံငယ်ကလေး၌ နက်ရှိုင်းသော အုံ့မခန်းချောက်ကြီးများနှင့် သက်ငယ်တဲများက ပြန့်ကြဲလျက်ရှိသည်။ နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်ကုမ္ပဏီများက တွင်းထွက်ပစ္စည်းနှင့် ရေအရင်းအမြစ်တည်ရှိရာသို့ လမ်းတံတားများ ဖောက်လုပ်ပေးသည်။

ပဋိပက္ခပေါ်ပေါက်စေ

၁၈၂၀ပြည့်လွန်နှစ်များတွင် ဇူးလူးတို့၏ စိန်ခေါ်လာမှုကို တွန်းလှန်ရန် အုပ်စုညီညွှတ်ရေးကို ဦးဆောင်သူ မိုရှိုးရှိုးက ဘာဆူတိုလန်ကို ထူထောင်သည်။ ၁၈၃၄ ခုနှစ်တွင် ဒတ်ချ်နွယ်ဖွား အာဖရိကတိုက်သား ဘိုးဝါးများ၏ နယ်မြေကျူးကျော်မှုတို့ကြောင့် ဆယ်စုနှစ်များနှင့်ချီ၍ဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကို ပေါ်ပေါက်စေသည်။

၁၈၆၀ပြည့်လွန်နှစ်များတွင် ဗြိတိသျှ အစောင့်အရှောက်ခံဖြစ်လာသည်။ ၁၈၇၁ ခုနှစ်တွင် ပြည်သူ့ဆန္ဒမပါဘဲ ကိတ်ကိုလိုနီသို့ သွတ်သွင်းခံရသည်။ ၁၈၈၄ခုနှစ်တွင် ဗြိတိသျှလက်အောက်ခံကိုလိုနီ ဖြစ်လာသည်။

လှုပ်ရှား

၁၉၃၉-၁၉၄၅ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးတွင် ဆိုဘိုတပ်ဖွဲ့ဝင် ၂၀၀၀၀တို့ ဗြိတိသျှတပ်များတွင် တာဝန်ထမ်းဆောင်သည်။ ၁၉၅၀ပြည့်လွန်နှစ်များတွင် နိုင်ငံရေးပါတီများပေါ်ပေါက်လာပြီး လွတ်လပ်ရေးအတွက် လှုပ်ရှားသည်။

၁၉၆၆ခုနှစ်တွင် လီဆိုသိုဘုရင့်နိုင်ငံအဖြစ် လွတ်လပ်ရေးရရှိသည်။ ဘုရင်မှာ ဒုတိယမြောက် မိုးရှိုးရှိုးဖြစ်ပြီး ဝန်ကြီးချုပ်မှာ ဘိုဆိုသို အမျိုးသားပါတီမှ ချိုလီဘွာဂျိုနသန်ဖြစ်သည်။

ပြည်နှင်ဒဏ်ပေး

၁၉၇၀ပြည့်နှစ် ရွေးကောက်ပွဲတွင် အတိုက်အခံ ဘာဆူတိုလန် ကွန်ဂရက်ပါတီက အသာရနေသည်။ သို့သော် ဝန်ကြီးချုပ် ဂျိုနသန်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး ဘုရင်ကိုလည်း ခေတ္တ ပြည်နှင်ဒဏ်ပေးလိုက်သည်။

၁၉၈၆ခုနှစ် တောင်အာဖရိကနိုင်ငံက နယ်စပ်များကို ပိတ်လိုက်ပြီး အသားအရောင်ခွဲခြားရေးဆန့်ကျင်သူများအား နှင်ထုတ်ရန်တောင်းဆိုသည်။ ဗိုလ်ချုပ်လီခန်ယာက ဝန်ကြီးချုပ်ဂျိုနသန်အား ဖယ်ရှား အာဏာသိမ်းသည်။

ရုပ်သိမ်း

၁၉၉၀ပြည့်နှစ်တွင် ဘုရင်မိုရှိုးရှိုး ပြည်ပရောက်စဉ် သူ၏သားတော် တတိယမြောက် လက်ဆီက ကျမ်းသစ္စာဆို ရာထူးလက်ခံသည်။ ၁၉၉၁ခုနှစ်တွင် ဗိုလ်မှူးကြီး အေးလီးယပ်တပ်ဆိုနီက ဗိုလ်ချုပ်လီခန်ယာအား ဖယ်ရှားလိုက်ပြီး နိုင်ငံရေးပါတီများ လှုပ်ရှားမှု ပိတ်ပင်ခြင်းကို ရုပ်သိမ်းလိုက်သည်။ ၁၉၉၄ခုနှစ်တွင် စစ်တပ်ပြိုင်ဘက်များ အားပြိုင်သည်။

ထူထောင်

၁၉၉၅ခုနှစ်တွင် ဒုတိယမြောက် မိုရှိုးရှိုးဘုရင်ကို ပြန်လည်နန်းတင်သည်။ သို့သော် ကားမှောက်ကာ နတ်ရွာစံသွားသဖြင့် တတိယမြောက် လက်ဆီကို နန်းတင်ရသည်။ ၁၉၉၇ခုနှစ်တွင် ဘာဆူတိုလန် ကွန်ဂရက်ပါတီက မိုမေဂျေးကို ခေါင်းဆောင်အဖြစ်မှ ဖယ်ရှားသည်။ ၎င်းက လီဆိုသိုဒီမိုကရက်ကွန်ဂရက်(အယ်လ်စီဒီ)ပါတီကို ထူထောင်သည်။

ကျမ်းသစ္စာကျိန်ဆို

၁၉၉၈ခု ရွေးကောက်ပွဲတွင် အယ်လ်စီဒီပါတီအနိုင်ရပြီး မိုဆီဆီလီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၂ခုနှစ် ဇွန်လတွင် ရွေးကောက်ပွဲအနိုင်ရကာ ဒုတိယအကြိမ် ငါးနှစ်သက်တမ်းအတွက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မေတ္တာရပ်ခံ

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်မိုဆီဆီလီက အရေးပေါ်အခြေအနေ ကြေညာပြီး စားနပ်ရိက္ခာထောက်ပံ့ကြရန် မေတ္တာရပ်ခံသည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံသားအားလုံး အိတ်ချ်အိုင်ဗွီ ရှိမရှိ စမ်းသပ်ရန် အစီအစဉ်ချမှတ်သည်။

၂၀၀၆ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရသည့် အနှစ်(၄၀)မြောက်နေ့ အထိမ်းအမှတ်ပြုလုပ်သည်။ ဆက်သွယ်ရေးဝန်ကြီးဟောင်း သောမတ်စ်သာဘိန်းနှင့် အာဏာရအယ်လ်စီဒီပါတီမှ အမတ် ၁၇ဦးတို့က ပါတီမှနုတ်ထွက်ပြီး အေဘီစီပါတီ ထူထောင်သည်။ ၂၀၀၆ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ပွဲစော၍ ကျင်းပရန် ပါလီမန်ကို ဖျက်သိမ်းသည်။ ၂၀၀၇ခုနှစ် မတ်လတွင် ပါလီမန်အမတ်နေရာများနှင့် စပ်လျဉ်း၍ အတိုက်အခံတို့၏ လှုပ်ရှားလာမှုဖြစ်ပေါ်လာပြီးနောက် အထွေထွေ သပိတ်ပေါ်ပေါက်လာသည်။

ဤနိုင်ငံကလေးသည် ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားသည်။ တောင်အာဖရိကသို့ ရေချိုဖြန့်ဝေရေးအတွက် ရေဖြန့်ဖြူးရေး စီမံကိန်းအကောင်အထည်ဖော်ရန် မကြာမီက ဆောက်လုပ်ရေးလုပ်ငန်းများ အကြီးအကျယ် အကောင်အထည်ဖော်လျက်ရှိသဖြင့် အထိုက်အလျောက် တိုးတက်လာလျက်ရှိသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်။

လီဆိုသိုဘုရင့်နိုင်ငံသည် အာဖရိကတောင်ပိုင်းဒေသတွင် တည်ရှိ၊ ဤနိုင်ငံသည် လေးဖက်လေးတန်မှ တောင်အာဖရိကနိုင်ငံ၏ ဝန်းရံခံထားရသည့် နိုင်ငံဖြစ်ရာ ကမ္ဘာပေါ်၌ ရှားရှားပါးပါး နိုင်ငံအချို့တွင် ပါဝင်၊ နယ်မြေအများအပြားမှာ ကုန်းမြင့်များဖြစ်၊ ထိုကုန်းမြင့်ဒေသများတွင် ကျေးရွာအများအပြား တည်ရှိပြီး ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကူးလူးရာတွင် ခြေကျင်သော်လည်းကောင်း၊ မြင်းစီး၍ သို့မဟုတ် လေယာဉ်ငယ်များစီး၍ သော်လည်းကောင်း သွားလာနိုင်။

အင်တာနက်ကျန်းမာရေး

နံနက်၊ နေ့လယ်နှင့် ညစာများစားသုံးပြီးချိန်၌ ရေနှင့်ဖျော်ရည်များ တစ်ဝမသောက်သုံးသင့်

နံနက်စာ၊ နေ့လယ်စာနှင့် ညစာများ စားသုံးပြီးသည့်အခါ ရေကိုချက်ချင်းများပြားစွာ သောက်သုံးခြင်းသည် အစာအိမ်ရောဂါများဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း ပြင်သစ်သုတေသနပညာရှင်များက သတိပေးလိုက်သည်။

အစာအိမ်ရောဂါဖြစ်ပွားနိုင်

အစာအိမ်အတွင်း စားသုံးလိုက်သည့် အစားအစာများနှင့် ပြည့်နေချိန်၌ ရေ သို့မဟုတ် ဖျော်ရည်တစ်မျိုးမျိုးကို အပြည့်အဝ မသောက်သုံးသင့်ကြောင်း၊ အစာအိမ်အတွင်း အစာချေဖျက်နိုင်မှုစွမ်းအား ကျဆင်းကာ အစာအိမ်ရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အစာချေဖျက်မှုစွမ်းအား လျော့နည်းစေ

အစာအိမ်အတွင်း အစားအစာများကို အစာချေဂလင်းများမှ အစာချေရည်များက ကြေညက်အောင်ပြုလုပ်ပေးသည်ဖြစ်ရာ ရေနှင့်အခြားဖျော်ရည်များက အစာချေဖျက်မှုစွမ်းအား လျော့နည်းစေအောင် ပြုလုပ်သကဲ့သို့ရှိကြောင်း သိရှိရသည်။

သတိပေးထား

သို့သော် အစားအစာများ စားသုံးပြီးချိန်တွင် အနည်းငယ်မျှသော ဖျော်ရည် သို့မဟုတ် ရေကို သောက်သုံးပါက ထိခိုက်မှုမဖြစ်စေနိုင်ကြောင်း၊ အလွန်အကျွံ သောက်သုံးခြင်းမပြုရန်သာ လိုအပ်ကြောင်း ၎င်းတို့က သတိပေးထားသည်။ ။

ဘဝအမောပြေ

ထီမပေါက်ရင်....

လက်ထပ်ပြီးခါစ ဇနီးမောင်နှံနှစ်ဦး ရှေ့ရေးနှင့်ပတ်သက်ပြီး တိုင်ပင်လျက်ရှိကြသည်။

ဇနီး ။ ။ ရှင် အလုပ်ကို ကြိုးကြိုးစားစားလုပ်မှဖြစ်မယ်။
ခင်ပွန်း ။ ။ အေးပါကွာ။
ဇနီး ။ ။ အခုကတည်းက ငွေကြေးစုဆောင်းထားမှဖြစ်မယ်။
ခင်ပွန်း ။ ။ အေးပေါ့။
ဇနီး ။ ။ ဩော်-ထီလည်း ထိုးမယ်၊ ထီပေါက်ရင် စိန်နားကပ်ကြီး ပန်မယ်။
ခင်ပွန်း ။ ။ ထီမပေါက်ရင်ရောကွာ။
ဇနီး ။ ။ ထီမပေါက်ရင် … ရှင်ဝယ်ပေးပေတော့။
ခင်ပွန်း ။ ။ "ဟေ"

ဘဝဒဿန

■ *By strength of heart the sailor fights with roaring seas.*

❒ *သင်္ဘောသားသည် မုန်တိုင်းထန်သည့် ပင်လယ်ပြင်ကို စိတ်ခွန်အားဖြင့် အန်တုဖက်ပြိုင်ခြင်းဖြစ်သည်။*

ဝီလျံဝပ်စ်ဝပ်သ်(အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

နိုင်ငံတကာ သတင်းစုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

သဘာဝ သိပ္ပံ

လေဆင်နှာမောင်းတိုက်ခတ်မှုကို လေ့လာမည်

လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်ပတ်သက်ပြီး အသေးစိတ် သတင်းအချက်အလက်များကို သိရှိနိုင်ရန် အမေရိကန်သုတေသနပညာရှင်များက လေဆင်နှာမောင်းတိုက်ခတ်မှုကို ထောက်လှမ်းနိုင်မည့် လေ့လာရေးယာဉ်တစ်စင်းကို လေထုအတွင်း လွှတ်တင်တော့မည်ဖြစ်သည်။



လေ့လာသွားမည်

အဆိုပါ သုတေသနယာဉ်အတွင်း မိုဘိုင်းလ်ရေဒါများအပါအဝင် ရာသီဥတု ပြောင်းလဲမှုနှင့် လေထုဖိအားပြောင်းလဲမှုကို သိရှိနိုင်မည့် ကိရိယာများပါဝင်မည်ဖြစ်သည်။ လေထုဖိအားပြောင်းလဲမှုကြောင့် လေဆင်နှာမောင်း မည်ကဲ့သို့ ဖြစ်ပေါ်လာသည်ကို လေ့လာသွားမည်ဖြစ်သည်။

ဖြစ်တည်မှုအစ

လေထုအတွင်း အပူချိန်အပြောင်းအလဲ၊ စိုထိုင်းဆနှင့် သိပ်သည်းမှု အနေအထား၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော လေစိုင်ဝဲများ စသည်တို့ကို အသေးစိတ် မှတ်တမ်းတင်ကာ လေဆင်နှာမောင်း၏ ဖြစ်တည်မှုအစကို ဖော်ထုတ်သွားမည်ဖြစ်သည်။

ထို့အတူ လေဆင်နှာမောင်း ဖြစ်ပေါ်တိုက်ခတ်ချိန်၌ လေဆင်နှာမောင်း၏ အနီးကပ်ဆုံး အကွာအဝေးအထိ ရောက်ရှိအောင် ၎င်းလေ့လာရေးယာဉ်က သွားရောက်ကာ အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲမှုများကို မှတ်တမ်းတင်မည်ဖြစ်ကြောင်း သိရသည်။

အမည်ပြောင်း

အမှတ်(၇) ဒုထပ်၊ ၁၄၈ လမ်း တာမွေမြို့နယ်နေ အဖ ဦးရဲနိုင်မိုး ၆/မအရ(နိုင်)၁၈၄၂၈၈၏ သား မောင်စစ်နန္ဒအား မောင်ဇေယျာရဲနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျာရဲနိုင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၇၇၅၆ **Asia Maung P/U** ယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင် ၁၀/ခဆန(နိုင်)၀၄၁၉၆၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနရ(အရှေ့ပိုင်းခရိုင်ရုံး)
ရန်ကုန်မြို့။

unicolor®
ယူနီကာလာ ဓလာစာအုပ်
ဝယ်ယူ သုံးစွဲကြပါစို့
Ph: 01-254995, 374722, 374733, 375182

တစ်ဦးတည်းဖြစ်ပါကြောင်း

သီပေါမြို့ ဈေးရပ် နယ်မြေ(၁)နေ မောင်စိုင်းကောင်ငင်း ၁၃/သပန(နိုင်)၀၆၀၇၅၃ ၏ ဖခင်ဖြစ်သူ ဦးစိုင်းစံမြတ်(ခ)ဦးစိုင်းနန္ဒာ ၁၃/သပန(နိုင်)၀၄၁၂၆၂ အမည်နှစ်မျိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိုင်းစံမြတ်(ခ)ဦးစိုင်းနန္ဒာ။

အမည်ပြောင်း

အဖ ဦးသန်းငွေးကို-အမိ ဒေါ်နွယ်နွယ်ဝင်းတို့၏ သမီး အထက(၁) နေပြည်တော် တပ်ကုန်း ပဉ္စမတန်း (A)မှ မပြည့်သက်ထားအား မမေဇင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

မမေဇင်သန့်။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၈

ဦးစောလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဇော်) အမှတ်(၉၁)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။	နှင့်	၁။ ဦးစိုးမြင့် အမှတ်(၂၉)၊ မစိုးရိမ်ကျောင်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ဒေါ်သင်းသင်း အမှတ်(၂၆)၊ ဆရာစံလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		တရားပြိုင်များ

အထက်အမည်ပါရှိသူ (၁) တရားပြိုင်ဦးစိုးမြင့်နှင့် (၂) တရားပြိုင်ဒေါ်သင်းသင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဧပြီ ၃၀ရက် နံနက် ၉း၃၀နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

ဇင်ဇင်ခိုင်(တ/၂၈၆၉)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး။

ပျောက်ဆုံးခြင်း

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ် ၈၂၅၁၈၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပါ။

အဲလ်ဘတ်ဇော်မင်း
ဖုန်း-၀၉-၅၁-၆၃၄၈၄။

မီး
သတိပြု

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၄၉၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/မရတ(နိုင်) ၀၁၈၃၂၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၅၆၃၃ **Honda C 90** ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့်ဇင် ၉/မနမ(နိုင်)၁၂၃၅၁၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇စီ၊ မြေကွက်အမှတ် ၄၂၊ မြေကွက်တည်နေရာအမှတ်-၂၆၊ စမ်းချောင်းလမ်း ဦးဘွန်ကော်(ခ)ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်ကျင်စိန်၊ ဒေါ်စောစိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖခင် ဦးဘွန်ကော်(ခ)ဦးကျော်ညွန့်နှင့် မိခင်ဒေါ်ကျင်ယုံတို့ ကွယ်လွန်သဖြင့် ဦးတိတ်မွန် ၁၂/ဗဟန(နိုင်) ၀၈၀၄၇၉၊ ဦးဆွေမွန် ၁၂/ကမတ(နိုင်)၀၄၇၃၄၄၊ ဒေါ်သီသီအေး ၁၂/ကမရ(နိုင်) ၀၄၀၉၆၄တို့က လည်းကောင်း၊ ဒေါ်ကျင်(အမျိုးကြီးဘ၀)ကွယ်လွန်နှင့် မိခင်ဒေါ်ကျင်စိန်နှင့် ဖခင် ဦးသိန်းမောင်(ခ)စွန်ခွန်ရှုတို့ ကွယ်လွန်သဖြင့် ဒေါ်ခင်သိန်းဝင်း ၁၂/စခန(နိုင်) ၀၄၉၂၇၃၊ ဒေါ်သိန်းကြည် ၁၂/စခန(နိုင်) ၀၄၉၂၇၅၊ ဒေါ်စန်းရီ ၁၂/စခန(နိုင်)၀၄၉၂၇၄၊ ဦးဟန်စိန် ၁၂/စခန(နိုင်)၀၄၉၂၇၁၊ ဦးကျင်ဝမ်း ၁၂/စခန(နိုင်)၀၄၈၁၉၈နှင့် ဒေါ်ခင်လေးဆွေ ၁၂/စခန(နိုင်)၀၄၉၂၇၈တို့က သားသမီး၊ တူ တူမများ တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စောစိန်နှင့်ပူးတွဲ၍ (ပိုင်ဆိုင်+စွန့်လွှတ်) စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၁၈

၁။ ဒေါ်သိန်းမြင့် ၂။ ဒေါ်တင်နွယ်သိန်း ၃။ ဒေါ်ကြည်ကြည်ဖြိုး ၄။ ဒေါ်ကြည်ကြည်အေး	နှင့်	၁။ ဦးခင်သန်းမောင် ၂။ ဦးဖိုးထောင် ၃။ ဦးသောင်းမြတ်ဇော် အမှတ်-၇၈၊ စိန်ခြယ်လမ်း (၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
တရားလိုများ		တရားပြိုင်များ

(၃)-တရားပြိုင်ဦးသောင်းမြတ်ဇော် အထက်နေရပ်လိပ်စာနေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပျက်ပြယ်သည့်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ယင်းစာချုပ်ပါခြံမြေအား လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၉ခုနှစ် ဧပြီ ၂၂ ရက် (၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၀၉ ခုနှစ် ဧပြီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းကိုကို
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် အရှည်ပေ ၉၅၀၊ အကျယ် ၁၂ ပေရှိ ဆင်ဖြူရှင်လမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် အလှူရှင်ဆရာကြီးဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

ကော့ကရိတ် ဧပြီ ၃

ကော့ကရိတ်မြို့နယ် ကော့ကရိတ်တိုက်နယ်ရှိ ကော့ဘိန်း၊ ကော့ပေါက်နှင့် မင်းရွာကျေးရွာတို့တွင် ကျေးရွာနေပြည်သူများ၏ ပံ့ပိုးမှုဖြင့် မီးသတ်ကားများ တစ်ရွာလျှင် တစ်စီးမတည်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်က ကော့ဘိန်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ကော့ကရိတ်မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးထွန်းထွန်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးသန်းထွေး၊ ကော့ဘိန်း၊ ကော့ပေါက်နှင့် မင်းရွာများမှ ဥက္ကဋ္ဌများ၊ ကော့ဘိန်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့မှူး ဦးမင်းပန်းအေး၊ ကော့ပေါက်ကျေးရွာဒုတိယတပ်ခွဲမှူးဦးကျော်စိုး၊ တပ်စုမှူးဦးမင်းစိန်သန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀တို့တက်ရောက်ကြ၍ အဆိုပါကျေးရွာသုံးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကျေးရွာများအတွင်း ညစဉ်မီးဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်း၊ မီးသတ်ရေကန်များရေဖြည့်ခြင်းနှင့် မီးသတ်ကားများ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး တန့်ယန်းမြို့နယ်၌ ဆွေးနွေး

တန့်ယန်း ဧပြီ ၃

လားရှိုးခရိုင် တန့်ယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်ခင်စိန်က အမှာစကားပြောကြားပြီး ဓာတ်ပုံ-၂ ဦးမင်းလွင်ဦးက ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကိုယ်ပိုင် အဆောက်အအုံများဖြစ်တည်ရေး၊ စာအုပ်စာစောင်များတိုးပွားရေးနှင့် စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖားဆောင်းမြို့ ရေပေးဝေရေး ရေစုကန်အခြေအနေကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ကျောက်ကြီး ဧပြီ ၄

ပဲခူးတိုင်း ကျောက်ကြီးမြို့ အစိုးရအလယ်တန်းကျောင်းဟောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၃ ရက်တွင် ပဲခူးရပ် မူလတန်းလွန်ကျောင်း (ယခင်အစိုးရအလယ်တန်းကျောင်းဟောင်း)၌ ကျင်းပမည် ဖြစ်သည်။

ရပ်ဝေးတွင် နေထိုင်လျက်ရှိကြသည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဦးသန်းဝင်း ရန်ကုန် ဖုန်း-၀၉-၅၁-၄၆၉၃၅၊ ဒေါ်ဝေမာသီ(ဝေဝေထွန်းခရီးသည်ပို့ဆောင်ရေး၊ အောင်မင်္ဂလာအဝေးပြေး) ရန်ကုန် ဖုန်း-၀၉-၈၅-၀၀၆၈၀၊ ဦးကျော်မင်းအောင် မန္တလေး ဖုန်း-၀၉-၂၀-၂၃၂၅၄၊ ဦးစိုးဝင်းတောင်ငူ ဖုန်း - ၀၉-၅၃-၅၁၇၆၉၊ ဦးအောင်ကိုလတ် ကျောက်ကြီး ဖုန်း-၀၉-၈၆-၅၀၈၇၈၊ ဦးကျော်ဝင်း ကျောက်ကြီး ဖုန်း-၀၅၄-၅၀၀၈၀၊ ဦးရီစိုးနှင့် ဦးဝင်းအောင် ကျောက်ကြီး ဖုန်း-၀၅၄-၅၅၄၄၇ လိုင်းခွဲ ၁၂၃ နှင့် ၁၁၆တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၅)**

မအူပင်မြို့နယ်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကမြောင်းမကြီးများနှင့် လမ်းဘေးဝဲယာရှိ ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းကို မတ် ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ရာသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးငွေဝင်း ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည် ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးခရိုင် သစ်တောဦးစီးဌာနကြီးမှူး ပုဂ္ဂလိကစိုက်ခင်းလုပ်ငန်းရှင်များနှင့် ဆွေးနွေး

ပဲခူး ဧပြီ ၉

ပဲခူးတိုင်း (အရှေ့) ပဲခူးခရိုင်သစ်တောဦးစီးဌာနမှူးကြီးမှူး၍ ပဲခူးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိကြသော ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်သူလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း (အရှေ့) တိုင်းသစ်တောဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ပဲခူးခရိုင် သစ်တောဦးစီးဌာနဦးစီးအရာရှိ၊ တောအုပ်ကြီးများ၊ ပဲခူးမြို့နယ် သစ်တောဦးစီးဌာနနှင့် လုပ်ငန်းရှင် ၁၃ ဦး တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** ဦးစီးအရာရှိ ဦးအောင်ထွန်းကြည်က ပုဂ္ဂလိကစိုက်ခင်းများတွင် စစ်ဆေးတွေ့ရှိရချက်များ၊ စိုက်ပျိုးမှုနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသည့် လုပ်ငန်းရှင်များကလည်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ တင်ပြခြင်း၊ သိလိုသည်များမေးမြန်းခြင်း၊ အထွေထွေဆွေးနွေးခြင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြည်သူတစ်ရပ်လုံးက အတည်ပြုပေးခဲ့ပြီးဖြစ် ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ စနစ်တကျ ကျင်းပပေးမည်

ဒီမိုကရေစီကျင့်စဉ် မရင့်ကျက်သေးခင် ပြန်လည်ပျက်ယွင်းသွားခြင်း မရှိရအောင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပြီး ဝိုင်းဝန်းစောင့်ရှောက်ပေးရန် လိုအပ်

နေပြည်တော် ဧပြီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားၐ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့ -

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂)ဆင်းပွဲမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၁၀

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ■